www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မအိုစာ

# စုန်းတောက်တဲ့ . . . ည

ထုတ်ဝေသူ – ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း)
(မြဲ–၀၉၃၂) ရဲအောင်စာပေတိုက်
အမှတ် (၂)၊ ချွန်းလမ်း (၁)၊
မင်္ဂလာတောင်ညွန့်မြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးဖေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်)
(၁၂၉၉)၊ အောင်သုခ ၂၇–လမ်း၊
၆–ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။

ထုတ်ဝေခြင်း – ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဧပြီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀ ကျပ်

ဖြန့်ချိရေး – ရွှေမင်းသမီးစာပေ၊
ဖုန်း – ၀၉၄၃၀၃၃၃၁၅၂၊ ၀၁–၄၀၀၆၇၄

၈၉၅–၈၃
မအိုစာ
စုန်းတောက်တဲ့ . . . ည/မအိုစာ–ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၄
၂၀၀ စာ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ၊
(၁) စုန်းတောက်တဲ့ . . . ည

BURMESE CLASSIC .com

စုန်းတောက်တဲ့ . . . ည

မအိုစာ

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ


၁။ ခေါ်စာပစ်တဲ့ည

၂။ မလှစုန်းယိုး

၃။ အရှင်လတ်လတ်

၄။ ကနားစီးဒေဝါ

၅။ ခေါင်းတလားရာဇာ

၆။ နတ်ကဝေမယ်

၇။ ပျဉ်ထောင်ကတော်နတ်

၈။ ပုဏ္ဏပျံစံအိမ်

၉။ ခုတင်နံပါတ် ၃၁

၁၀။ ဘုံစာကျွေးတဲ့နေ့

၁၁။ နတ်ကျားဝိညာဉ်

၁၂။ မာတင်

၁၃။ ဘီလူးနက္ခတ်

၁၄။ မိုးကြိုးအလောင်း

၁၅။ နှစ်ဘဝရွှေသိုက်

၁၆။ မိုးနတ်ဒေဝီ

၁၇။ ကျိန်

၁၈။ မရဏစာရွက်

၁၉။ မိစ္ဆာအိုး

၂၀။ လေးကျွန်းမှော်

၂၁။ ရဲမက်တစ္ဆေ


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၂၂။ ရွှေတောင်ရှာသူ မချမ်းသာ
၂၃။ ပတ္တမြားဝိညာဉ်
၂၄။ မိမိလေး
၂၅။ နှစ်တစ်ရာဂူသချိုင်း
၂၆။ နတ်ကိုးကြိမ်
၂၇။ ဝိညာဉ်မှတ်တမ်း
၂၈။ ရွှေမျက်နှာရှင်သခင်မ
၂၉။ အလောင်းကောင်
၃၀။ မီးစုန်း
၃၁။ အဆောင် ၈
၃၂။ ကျမ်းရူး
၃၃။ ဟိုင်းဝေးတစ္ဆေ
၃၄။ သွေးစုပ်သူယောင်မယ်
၃၅။ အမေကိုစားတဲ့သမီး
၃၆။ အောက်လမ်း (ပထမပိုင်း)
၃၇။ အောက်လမ်း (ဇာတ်သိမ်း)

ယခု

**စုန်းတောက်တဲ့ ... ည**

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

**ရန်ကုန်မြို့** အစွန်အဖျားရှိ အခြေခံလူတန်းစား ရပ်ကွက်လေးတစ်ခုအတွင်းကို ကာလပေါက်ဈေး သိန်းငါးရာ ကျော်တဲ့ ဇိမ်ခံကားကြီးတစ်စီးဟာ တရွေ့ရွေ့ မောင်းဝင်သွား တယ်။



ဆင်ခြေဖုံးရပ်ကွက်အတွင်းရှိ လူကြီး၊ ကလေးပါမကျန် ထိုကားကြီးကို တအံ့တသြ ငေးမောကြည့်ကြကုန်တယ်။

ကလေးသူငယ်တွေက ထိုဇိမ်ခံကားကြီးကို လက်ညှိုး ထိုး ငေးကြည့်ရင်း ...

"ကားကြီးက မိုက်တယ်ကွာ၊ ဒီကားကြီး
ငါတို့လမ်းထဲက ဘယ်အိမ်ကို လာသလဲဆိုတာ
လိုက်ကြည့်ကြမယ်ဟေ့"

လို့ တစ်ယောက်တစ်ပေါက် ပြောဆိုပြီး အတိုင် အဖောက်ညီစွာ ထိုကားနောက်က ပြေးလိုက်ကုန်ကြတယ်။

ကားမောင်းသူဟာ လမ်းက ကြမ်းတဲ့အတွက်ရော၊ လူတွေကို ရှောင်ရှားရတဲ့အတွက်ပါ ကားကို ဘီးလိမ့်ရုံလေး လိမ့်ရင်း ဂရုတစိုက် မောင်းနှင်နေရတယ်။

ကားမောင်းသူဟာ လူရည်သန့်တစ်ဦးဖြစ်ပြီး ခန့်ညား တဲ့ရုပ်ရည်ကို ပိုင်ဆိုင်သလို၊ တကယ် ဘရမ်းဒ်စစ်တဲ့ သိန်းကျော်တန် ယူ.အက်.အေဖြစ် ဝတ်စုံကို ဝတ်ဆင်ထားတယ်။

အသက်အရွယ်အားဖြင့် ထိုလူက လေးဆယ်ဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



ရှိသလို ၎င်းရဲ့ဘေးမှာတော့ အသက်ခြောက်ဆယ်အရွယ်ရှိ လူကြီးတစ်ဦး လိုက်ပါလာတယ်။

ထိုကားဟာ အိမ်ဆိုင်လေးတစ်ဆိုင်ရှေ့ ရပ်တန့်သွားပြီး ကားမောင်းသူက ကားပေါ်က ဆင်းလိုက်တယ်။

"တစ်ဆိတ်လောက်ပါဗျာ၊ ဒီနားမှာ ...
ပွင့်မော်ဦးဆိုတဲ့ မိန်းကလေးရဲ့အိမ်
ဘယ်မှာရှိသလဲဆိုတာ တစ်ဆိတ်လောက်
ညွှန်ပေးပါလားဗျာ"

ထိုလူက ယဉ်ကျေးပျူငှာစွာ လှမ်းမေးလိုက်တယ်။

အိမ်ဆိုင်လေးအတွင်းရှိ အဘွားအိုက သူ့ကို အကဲခတ်ရင်း ...

"ဘာ ... ပွင့်မော်ဦးရဲ့အိမ် ဟုတ်လား၊
သူက အထည်ချုပ်စက်ရုံမှာ အလုပ်လုပ်တဲ့
အလုပ်သမလေးပဲကွဲ့ ... ကဲ ... ကဲ ...
ပြောနေကြာပါတယ် ... ဒီအတိုင်းဆက်သွား၊
ဟိုရှေ့ရောက်ရင် လမ်းမီးတိုင်တစ်ခု တွေ့ရမယ်၊



အဲဒီလမ်းမီးတိုင်ရှိတဲ့အိမ်က ပွင့်မော်ဦးဆိုတဲ့
ကောင်မလေးရဲ့ နေအိမ်ပဲကွဲ့"

လို့ လှမ်းပြောတယ်။

ကားမောင်းသူက အဘွားအိုကို ကျေးဇူးစကားဆိုပြီး ကားပေါ် ပြန်တက်လိုက်တယ်။

ဝါးငါးရိုက်လောက် အကွာအဝေးရောက်တဲ့အခါ လမ်းမီးတိုင်လေးကို တွေ့လိုက်ရတယ်။

ကားမောင်းသူက လမ်းမီးတိုင်ရှေ့ ကားရပ်ရင်း မိန်းကလေးရဲ့နေအိမ်ကို လှမ်းအကဲခတ်လိုက်တယ်။

ယိုရွဲပျက်စီးနေတဲ့ စုတ်ချာလွန်းတဲ့ တဲအိမ်လေးတစ်လုံး။ အကျယ်အဝန်းက ဆယ်ပေပတ်လည်လောက်ပဲ ရှိလိမ့်မယ်။

ဒါကို မြင်တွေ့သွားတဲ့ ကားမောင်းသူဟာ သက်ပြင်းသဲ့သဲ့ချမိရင်း ကားပေါ်က ဆင်းလိုက်တယ်။

၎င်းနဲ့အတူ ဘေးမှာ လိုက်ပါလာတဲ့ အဘိုးကြီးကလဲ ကားပေါ်ကနေ ဆင်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒါက ပွင့်မော်ဦးရဲ့အိမ်ပါလားဗျာ"

ထိုလူက ကျိုးကြေပျက်စီးနေတဲ့ ခြံစည်းရိုးရဲ့နောက်မှာ ရေခပ်နေတဲ့ လူကြီးတစ်ဦးကို လှမ်းပြီး အသံပြုလိုက်တယ်။

လူကြီးက ရေခပ်နေရာက ရပ်လိုက်ပြီး အံ့အားသင့်ဟန်နဲ့ ခြံစည်းရိုးအနား လျှောက်လာတယ်။

"ဟုတ် ... ဟုတ်ပါတယ်ကွယ်၊

ဒါက ကျုပ်ရဲ့သမီး ပွင့်မော်ဦးရဲ့အိမ်ပါပဲ၊

ဒါ ... ဒါနဲ့ ... ဘာအကြောင်းများ ရှိလို့ပါလဲ မောင်ရင်"

ကားမောင်းသူက လူကြီးကို ချိုသာစွာ ပြုံးပြလိုက်တယ်။

"ဖြစ်နိုင်မယ်ဆိုရင် ... ကျွန်တော့်ကို

အိမ်ထဲ ဝင်ခွင့်ပြုပါလား ခင်ဗျာ"

လူကြီးက ၎င်းရဲ့စကားကြောင့် သူ့ကိုတစ်လှည့် ဇိမ်ခံကားကြီးကိုတစ်လှည့် အကဲခတ်လိုက်တယ်။ ပြီးမှ ...

"ရပါတယ် မောင်ရင်ရယ်၊ သမီးလေးလည်း

အိမ်မှာ ရှိနေပါတယ်၊ ဝင်ခဲ့ပါ ... ဝင်ခဲ့ပါ"



လို့ ဖိတ်မန္တကပြုရင်း ခြံတံခါးကို ဖွင့်ပေးလိုက်တော့တယ်။ တဲအိမ်လေးရှေ့ရောက်တဲ့အခါ လူကြီးက ၎င်းတို့ကို အားတုံ့အားနာဟန်နဲ့ ကြည့်ပြီး ...

"အိမ်ပေါ်ခေါ်ရမှာ အားနာလိုက်တာကွယ်"

လို့ ပြောလာတဲ့အတွက် ...

"ရပါတယ် ခင်ဗျာ ... ကိစ္စမရှိပါဘူး၊

ကျွန်တော်တို့ ကွပ်ပျစ်မှာပဲ ထိုင်လိုက်ပါ့မယ်"

ဧည့်သည်လာမှန်းသိတဲ့အတွက် ပွင့်မော်ဦးက ဖျာလိပ်ယူပြီး ကွပ်ပျစ်ပေါ် ဖြန့်ခင်းလိုက်တယ်။

"သမီးရေ ... ဟောဒီဧည့်သည်တွေက ...

သမီးနဲ့ တွေ့ချင်တယ်တဲ့ကွယ်၊ ထိုင်ပါဦး သမီး"

ဖခင်ရဲ့စကားကြောင့် အိမ်ထဲပြန်ဝင်ဖို့ ပြင်လိုက်တဲ့ သူမ အံ့အားသင့်သွားမိတယ်။

ကွပ်ပျစ်ပေါ် ထိုင်လိုက်ပြီး နားမလည်နိုင်တဲ့အကြည့်နဲ့ ဧည့်သည်တွေကို ကြည့်လိုက်တယ်။

"ကျွန်တော်က သက်နောင်ပါ ခင်ဗျ၊

www.burmeseclassic.com

www.burmeseclassic.com



ဟောဒီက ပွင့်မော်ဦး အလုပ်လုပ်တဲ့

TN အထည်ချုပ်စက်ရုံပိုင်ရှင်ပါ”

ထိုလူရဲ့အပြောကြောင့် သူမ မျက်လုံးအစုံ ဝိုင်းစက်ပြီး ရှင် ... ခနဲ ရေရွတ်လိုက်မိတယ်။

“ဟုတ် ... ဟုတ်ကဲ့ သူဌေး၊ ဘယ်လိုအကြောင်းများ

ရှိလို့ပါလဲရှင်၊ ကျွန်မ အမှားများ လုပ်မိလို့လားဟင်၊

အလုပ်သမပေါင်း ရာချီရှိတဲ့ ... TN အထည်ချုပ်စက်ရုံ၊

သူမတို့ နေ့စဉ်ဆက်ဆံရတာက တွေနဲ့သာ၊

အလုပ်ဝင်ခဲ့တာ ခြောက်လရှိပေမယ့်

ပိုင်ရှင်သူဌေးကို သူမ တစ်ခါမှ မတွေ့ခဲ့ဘူးပေ”

“သူဌေးလို့ မခေါ်ပါနဲ့ ပွင့်မော်၊

ကိုယ်လာတဲ့အကြောင်းက အလုပ်ကိစ္စမဟုတ်ပါဘူး၊

ကိုယ် ပွင့်မော်ကို မေတ္တာရှိနေတဲ့အတွက်

လာရောက်တောင်းရမ်းတာပါ”

ဦးသက်နောင်ရဲ့စကားကြောင့် သူမ မျက်လုံးပြာဝေ မတတ် အကြီးအကျယ် အံ့အားသင့်သွားရှာတယ်။



သူမရဲ့ဖခင်ကိုယ်တိုင် ပါးစောင်းမှာ ခဲထားတဲ့ ဆေးပေါ့ လိပ် ပြုတ်ကျမတတ် အံ့ဩသွားရတယ်။

“ဘယ် ... ဘယ်လို၊ သူဌေးက ကျုပ်ရဲ့သမီးကို

လာတောင်းရမ်းတယ် ဟုတ်လား”

“ဟုတ်ပါတယ် ခင်ဗျ၊

ကျွန်တော်က မိဘ မရှိပါဘူး၊

ဟောဒီ ဦးလေးကပဲ ကျွန်တော့်ကို

အုပ်ထိန်းခဲ့တာပါ၊ ပြီးတော့ ... ခုချိန်ထိ ...

အိမ်ထောင်မပြုရသေးတဲ့ လူပျိုကြီးပါခင်ဗျ၊

အမှန်အတိုင်းပြောရမယ်ဆိုရင် ...

စက်ရုံမှာ ပွင့်မော်ကို ကျွန်တော် ဂရုပြုမိခဲ့တာ

သုံးလရှိပါပြီ၊ ကျွန်တော့်ရဲ့ကမ်းလှမ်းမှုကို

ဦးတို့အနေနဲ့ အချိန်ယူပြီး စဉ်းစားပေးပါ ခင်ဗျ၊

ကျွန်တော် တစ်ပတ်ပြည့်ရင် ... ပြန်လာခဲ့ပါ့မယ်”

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

**အလုပ်သမားတစ်ယောက်ကို** သူဌေးက အိမ်တိုင်ရာရောက် ကမ်းလှမ်းတဲ့သတင်းဟာ ဆင်ခြေဖုံးရပ်ကွက်တစ်ခုလုံး ပျံ့နှံ့သွားတယ်။

ဒီသတင်းကြောင့် တချို့က ...

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးတော် ... ပိုက်ဆံဝါးလား သူဌေးတွေက
ဒီလို အလုပ်သမကို အတည်ကြံပါ့မလား၊
သစ်ပင်ကောက်တာပဲ မြင်နိုင်တယ်၊
ယောကျ်ားတွေရဲ့စိတ်ကို မသိနိုင်ဘူး၊
ငါ တွေးကြည့်ရင် ပြေးကြည့်တာထက်
သေချာတယ်အေ့၊ သူဌေးက သူ့ကို
ဘယ်နှယောက်မြောက်တဲ့ မယားငယ်လုပ်ဖို့လဲမှ
မသိတာ"
လို့ ပြောကြသလို ...
"ဘာပဲဖြစ်ဖြစ်ပါဟာ ... ငါတို့ရပ်ကွက်က မိန်းမပျိုကို
သူဌေးက တော်ကောက်တဲ့ကိစ္စပဲ
ရပ်ကွက်အတွက် ဂုဏ်တက်ပါတယ်၊
ဒါပေမဲ့ ... ဒီသူဌေး မကောင်းရင်တော့
ငါတို့ရပ်ကွက်က မိန်းမပျိုရဲ့ဘဝက
မတွေးဝံ့စရာပဲဟေ့၊ ရင်လေးမိတယ်ကွာ"
လို့ လိုသူနဲ့မလိုသူတွေက အမျိုးမျိုး အတင်းအဖျင်း



ဆိုကြကုန်တယ်။

ဒါတွေကို ပြန်ကြားသိတဲ့ ပွင့်မော်ဦးဟာ ...
"ဘယ်လိုလုပ်မလဲ အဖေရယ်၊ လမ်းထဲမှာရော၊
ဈေးထဲမှာပါ ပွင့်မော်ကို သူဌေး လာတောင်းရမ်းတဲ့
အကြောင်းချည်း ပြောနေကြတယ်၊
လူဆယ်ယောက်မှာ ခြောက်ယောက်က
မလိုသလို ပြောနေကြတယ် အဖေရဲ့၊
ပွင့်မော်ရှက်တယ် အဖေရယ်"
လို့ စိတ်ရှုပ်ထွေးဟန်နဲ့ ပြောလိုက်တယ်။

သူမရဲ့ဖခင်ဖြစ်တဲ့ ဦးပွင့်က သက်ပြင်းကို ဟင်း ...ခနဲ
ချလိုက်ရင်း ...

"ဒီမယ် ငါ့သမီးရဲ့ ... ခုဆို ...
သမီးရဲ့မိခင် ဆုံးပါးခဲ့တာ ဆယ်နှစ်ကြာခဲ့ပြီ၊
အဖေကလည်း ဇရာထောက်လာတဲ့အတွက်
သားသမီးသုံးယောက်ကို ပြည့်စုံအောင်
မထောက်ပံ့နိုင်ခဲ့ဘူး၊ အဖေ့ရဲ့ မနက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာပို့တဲ့ အလုပ်လေးပဲရှိတာပါ သမီးရယ်၊
ငါ့သမီးက အကြီးဆုံးကွဲ့၊
သမီးရဲ့အထည်ချုပ်မှာ ဝင်လုပ်တဲ့
လစာလေးကြောင့် ... သမီးရဲ့
မောင်လေးနဲ့ညီမလေးဟာ
ကျောင်းဆက်တက်နိုင်ခဲ့တာပါ သမီးကြီးရယ်၊
အဖေပြောပြမယ် သမီးကြီး၊
လောကမှာ ... မိန်းမတစ်ယောက်ရဲ့ ကျက်သရေဟာ
ရုပ်အဆင်း လှပခြင်း ဖြစ်သလို၊
တင့်တယ်တဲ့ မင်္ဂလာပွဲဟာလည်း ...
မိန်းမတစ်ယောက်အတွက် ကျက်သရေပါပဲ
သမီးကြီး၊ မလိုတမာ ... လို၊ သကာလို
ပတ်ဝန်းကျင်ကို ငါ့သမီးကြီး
ထည့်မစဉ်းစားသင့်ဘူးကွဲ့၊ မောင်သက်နောင်ဟာ ...
လူချမ်းသာတစ်ဦးဖြစ်လာမယ့်
လူ့ယဉ်ကျေးမှု အပြည့်ရှိသလို၊



အတန်းအစားခွဲခြားတတ်တဲ့ လူစားဆိုတာ
တစ်ကြိမ်မြင်တာနဲ့ အဖေ နားလည်တယ်
သမီးကြီး၊ လောကမှာ ရေမြင့်ရင် ကြာမြင့်တယ် သမီး၊
ဒါကြောင့် ... ငါ့သမီးကြီးရဲ့ အိမ်ထောင်ရေးကို
မောင်ငယ်၊ နှမငယ်လေးတွေအတွက်
တွေးပေးပါလို့ အဖေ တောင်းဆိုချင်ပါတယ်
သမီးကြီးရယ်၊ အဖေက အသက်ကြီးလှပါပြီကွယ်၊
နောင်နေရမှ သုံးနှစ်ပေါ့ သမီးကြီး”
လို့ ဖျောင်းဖျ နားသွင်းစကားဆိုလိုက်တယ်။

ဖခင်ရဲ့အပြောကြောင့် သူမ အချိန်ကြာမြင့်စွာ တွေးတောနေမိတယ်။ အတန်ကြာမှ ...

“မှန်ပါတယ် အဖေရယ်၊
အဖေပြောတဲ့ သမီးအနေနဲ့
အငယ်နှစ်ယောက်ကို ငဲ့ညှာရမယ့်ကိစ္စက
ဟုတ်ပါတယ်၊ ဒါ ... ဒါပေမဲ့ ... အဖေရယ်
သ ... သမီးမှာ ချစ်သူရှိတာ

www.burmeseclassic.com

www.burmeseclassic.com



အဖေသိသားပဲ၊ မောင်မောင့်ကို
သမီး ဘယ်လိုရှင်းပြရမလဲ အဖေ၊
သမီးလည်း ကိုယ့်မိသားစုဘဝ
လုံးဝပြောင်းလဲမယ့်ကိစ္စကို၊
လုပ်ပေးချင်ပါတယ် အဖေရယ်၊
ဒါ ... ဒါပေမဲ့ ... ဦးသက်နောင်ကို
သမီးမှမချစ်ဘဲ အဖေ၊ အဖေ စိတ်မဆိုးပါနဲ့နော်”
ဦးပွင့်က သူမကို စိုက်ကြည့်ရင်း ယှဲ့ယှဲ့လေး ပြုံးလိုက်တယ်။

“အဲဒါပဲ သမီးကြီး၊ လောကမှာ
လူတွေဟာ ... ဝမ်းစာအတွက်ရော၊
ကိုယ်ရေးကိုယ်တာ ကိစ္စအတွက်ပါ၊
အမြတ်မ်း ဘဝတိုက်ပွဲဆိုတာတွေ
ရှိတယ်ကွဲ့၊ အခု ... ငါ့သမီးကြီးက
တိုက်ပွဲဆိုရင် မမှားသလို၊
ဘဝအတွက် ငွေနဲ့ဆွဲပွဲကြီးတစ်ခုကို



ဆုံးဖြတ်ချက်ချရတော့မယ်၊ ငါ့သမီးကြီးရယ် ...
အဖေ ဘာမှမပြောချင်တော့ပါဘူး၊
နောက်ဆုံးတစ်ခုပါပဲ သမီးကြီး၊
နှလုံးသားနဲ့ဘဝ ... သမီးကြီး
ကြိုက်တဲ့လမ်းကို ခေါင်းအေးအေးထားပြီး
ရွေးချယ်ပါ၊ ငါ့သမီးက ကာယကံရှင်ပါကွယ်၊
အဖေတစ်ယောက်အနေနဲ့ ဘာတစ်ခုမှ
အဖေဟာ မတရားမလုပ်ဘူး သမီးကြီး၊
ဒါပါပဲကွယ်”
ဦးပွင့်ဟာ ထိုသို့ပြောရင်း ထိုင်ရာက ထရပ်လိုက်တယ်။
ပွင့်မော်ဦးတစ်ယောက် မျက်ရည်စို့တဲ့ မျက်ဝန်းနဲ့ဖခင်ရဲ့ကျောကို ငေးကြည့်ရင်း ...

“နေပါဦး အဖေ ... အဖေဟာ
ဖခင်တစ်ယောက်နဲ့မတူဘဲ မိခင်တစ်ယောက်လို
သားသမီးတွေကို အုပ်ချုပ်ခဲ့တယ်၊ အဖေရယ် ...
ကိုယ့်မိသားစုရဲ့ဘဝကို နားလည်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးတစ်ယောက်က ...

မိသားစု ဒုက္ခပင်လယ်ထပ်ဝေမယ့်ကိစ္စမျိုး

ဘယ်တော့မှ မလုပ်ဝံ့ပါဘူး၊

အဖေက စဉ်းစားတိုင်း ... ရွေးချယ်ခိုင်းပေမယ့်

ပွင့်မော်အတွက် ရွေးစရာလမ်းမရှိပါဘူး

အဖေရယ်၊ အဖေ့ရဲ့ဆန္ဒက ပွင့်မော်ရဲ့ဆန္ဒပါပဲ၊

အဖေ စိတ်မကောင်းမဖြစ်ပါနဲ့နော်"

❒❒❒

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

## ဘာတွေဖြစ်နေတာလဲ မဦး . . .

မဦး ... ဘာတွေလုပ်နေတာလဲဗျာ၊
တကယ်စိတ်ပျက်ဖို့ကောင်းတယ်ကွာ၊
မောင့်နားထဲမှာ မဆန့်တော့ဘူး မဦးရဲ့၊



ပတ်ဝန်းကျင်က မဦးနဲ့ ပတ်သက်တဲ့
အကြောင်းတွေ ပြောနေကြတာ ... တကယ်လားဟင်”

ညောင်မုတ်ဆိတ်ပင်ကြီးအောက် ချစ်ဦးသူမောင်မောင်က သူမရဲ့ပခုံးကို ဆွဲကိုင်လှုပ်ယမ်းမေးလာတယ်။

သူမဟာ သက်ပြင်းသဲ့သဲ့ချမိရင်း အဝေးကို ရီဝေစွာ ငေးကြည့်လိုက်တယ်။

“ဟုတ်တယ် မောင်၊ မဦး အထည်ချုပ်စက်ရုံပိုင်ရှင်
ဦးသက်နောင်နဲ့ လက်ထပ်ရလိမ့်မယ်၊
ပတ်ဝန်းကျင်ကို မဦး စိတ်မဝင်စားဘူး၊
ဒါပေမဲ့ ... မဦး အခုပြောတဲ့ကိစ္စက
တကယ်ပဲ မောင်၊ မဦးကို နားလည်ပေးပါနော်”

သူမရဲ့အပြောကြောင့် မောင်မောင်တစ်ယောက် အကြီးအကျယ် ပေါက်ကွဲသွားတယ်။

“ဘာ ... ဘာ ... နားလည်ပေးရမယ် ဟုတ်လား မဦး၊
မဖြစ်နိုင်ဘူး၊ လုံးဝ မဖြစ်နိုင်ဘူးဗျာ၊
ချစ်သူအားလုံးရဲ့ပန်းတိုင်က

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခြင်းပဲ မဦး၊ မောင်က ပန်းတိုင်မရောက်ခင်
လမ်းခုလတ်မှာပဲ မဦးကို လက်လျှော့အရှုံးပေးပြီး
တပ်ခေါက်ပြန်ရမှာလားဗျာ၊ လုံးဝမဖြစ်နိုင်ဘူး မဦး"
"မဟုတ်ဘူး မောင်ရယ်၊
မဦးလည်း မောင့်ကို ဘယ်လောက်ထိ
ချစ်သလဲဆိုတာ မောင်အသိပါပဲ၊
မဦးတို့နဲ့ ချစ်သူသက်တမ်းဟာ
ခြောက်နှစ်လောက် ရှိနေပါပြီ မောင်ရယ်၊
ဒါပေမဲ့ ... မဦးက အကြီးဆုံးသမီးပါ မောင်၊
မဦး အတ္တမကြီးနိုင်ဘူး၊ အငယ်တွေအတွက် မဦး
လုပ်သင့်တဲ့ လမ်းကိုပဲ ရွေးရမှာပဲ မောင်ရယ်၊
နားလည်မှုပေးပြီး လမ်းခွဲကြရအောင်နော်"

ပွင့်မော်ဦးရဲ့အပြောကြောင့် မောင်မောင်တစ်ယောက်
လမ်းပုံမီးကျမတတ် ပေါက်ကွဲသွားတယ်။

"ပြောရက်လှချည်လား မဦးရယ်၊
မဦးက ကိုယ့်မိသားစုအတွက်



ကိုယ့်ရဲ့နှလုံးသားကို စတေးတော့မှာပေါ့၊
မဟုတ်ဘူး ... လုံးဝ လက်မခံနိုင်ဘူး၊
ဒါတွေက ... ခေတ်ဟောင်းရုပ်ရှင်တွေ၊
မြန်မာဗီဒီယိုဇာတ်လမ်းတွေထဲမှာပဲ
ရှိတာပါ မဦး၊ သေချာစဉ်းစားကြည့်စမ်းပါ၊
ကိုယ်မချစ်တဲ့ လူကြီးကို မိသားစုကြောင့်
ယူပြီးရင် ရွှေဘုံပေါ်တော့ မဦး ရောက်သွားမှာပါ၊
ဒါပေမဲ့ ... မဦးဟာ ရွှေဘုံပေါ်မှာ အသက်မဲ့တဲ့
ရွှေစင်ရုပ်တစ်ရုပ် ဖြစ်သွားလိမ့်မယ်၊ ဒါကို ...
မဦးအနေနဲ့ အလေးအနက် စဉ်းစားသင့်တယ်ဗျာ"

မောင်မောင်ဟာ မရပ်မနားပြောရင်း တံတွေးကို မျိုချ
လိုက်တယ်။ ပြီးမှ ... ခါးထောက် သက်ပြင်းချရင်း ...

"ကောင်းပြီ မဦး၊ မောင်က
မဦးကို အသက်ထက် ပိုချစ်တဲ့ လူပါကွာ၊
ခုချိန်မှာ ... မဦး ခေါင်းတွေသိပ်ပူနေလောက်ပြီ
မောင်ချစ်တဲ့မိန်းမကို ဘာဖိအားမှ

www.burmeseclassic.com

www.burmeseclassic.com



မောင်မပေးချင်ဘူး၊ ဒါ့ကြောင့် ... မဦး

သေချာစဥ်းစားပါ၊ ဟောဒီနေရာမှာပဲ လာမယ့်

လပြည့်နေ့ရောက်ရင် မောင်တို့ ပြန်ဆုံကြတာပေါ့၊

မောင်သွားပြီ မဦး"

လို့ ပြောဆိုပြီး ချာခနဲ လှည့်ထွက်သွားတော့တယ်။

ပွင့်မော်ဦးတစ်ယောက် ချစ်ဦးသူရဲ့ကျောပြင်ကို ငေး

ကြည့်ရင်း မျက်ရည်ပေါက်ခနဲ ကျမိတယ်။

❒❒❒

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

# (၃) ခန်း

**မောင်မောင်တစ်ယောက်** ယောကျ်ားတို့ရဲ့ထုံးစံအတိုင်း အသဲကွဲဝေဒနာကို ခဏတာဖြေဖျောက်ဖို့အတွက် လမ်းထိပ်ဘီယာဆိုင်မှာ ထိုင်လိုက်မိတယ်။

စည်လေးဂျားကုန်တဲ့အထိ ရင်ထဲမှာ ပွင့်မော်ဦးရဲ့



မျက်နှာကို မြင်နေမိတဲ့အတွက် နောက်ထပ် နှစ်ဂျားနဲ့အတူ အာလူးကြော်ကိုပါ ထပ်မှာလိုက်တယ်။

"ဟော့ ... မင်း ... မောင်မောင်
မဟုတ်လားကွ ... ဟေ"

ရုတ်တရက် ပခုံးပုတ်ရင်း အမေးခံလိုက်ရတာကြောင့် ရီဝေနေတဲ့ မျက်ခွံကို အားယူပြီး မော်ကြည့်လိုက်မိတယ်။

ရှပ်အင်္ကျီနဲ့ ကချင်လုံချည်ကို အနက်ရောင်ထက်အောက် ဆင်တူဝတ်ထားတဲ့ အသက်လေးဆယ်ကျော် လူကြီးတစ်ယောက်။

သူ ခေါင်းခါယမ်းလိုက်ရင်း ...

"ဘယ်သူလဲဗျာ၊
ခင်ဗျားကို ကျုပ် မသိဘူး၊
ဟုတ်တယ် ကျုပ် မောင်မောင်ပဲဗျ ... အေ့"

လို့ ဖြေလိုက်တဲ့အခါ လူကြီးက သူ့ဘေး ပလတ်စတစ်ခုံကို ဆွဲရင်း ဝင်ထိုင်လိုက်တယ်။

ဒါကြောင့် နှုတ်ခမ်းမွေးစစရှိတဲ့လူကြီးရဲ့ မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



သူဟာ အနီးကပ် မြင်လိုက်ရတယ်။

လူကြီးက ဘေးလွယ်အိတ်ကြီးကို စားပွဲပေါ်တင်လိုက်ရင်း ...

"ဩော် ... သုံးနှစ်ဆိုတဲ့ကာလမှာ ...

လူတွေဟာ အရာအားလုံး

ပြောင်းလဲသွားနိုင်တာပဲ၊

လူကောင်းက လူမကောင်းဖြစ်သွားရှာတယ်၊

ဟန်ကျသကွာ ... ဟေ ... ဟေ့"

"ဘာဗျ ... ခင်ဗျားကြီးက

ကျုပ်ကို သက်သက်မဲ့လာပြီး

စော်ကားနေတာလား၊

ကျုပ်က လူကောင်းဗျ၊

ဘာမှမကောင်းစရာမရှိဘူး၊

ဘာလဲ ... ထုံးစံအတိုင်း ဘီယာသောက်ချင်လို့၊

စကားဝင်ရောပြီး အလကား သောက်မလို့လား၊

လုံးဝမရဘူး၊ ကျုပ်တောင် ငွေမရှိဘူး၊



ဂိုးတော့ဗျာ ခင်ဗျားကြီး"

မောင်မောင်ရဲ့အပြောကြောင့် လူကြီးက ပြုံးကြည့်ရင်း ခေါင်းဆတ်ခနဲ ညိတ်လိုက်တယ်။

"ဟုတ်ပါပြီကွာ၊

ငါ့ကို ဘီယာတိုက်ချင်လည်း နေပါကွ၊

ဒါနဲ့ ... မင်းက ငွေမရှိဘဲ

ဘီယာဖိုး ဘယ်လိုရှင်းမလဲ၊

ပြောစမ်းပါဦးကွ"

မောင်မောင်က လက်ကျန်ဘီယာကို ဂွပ်ခနဲ မော့ချလိုက်င်း ...

"ကျုပ် ... ကျုပ် အကြီးကြီးကွဲနေတယ်ဗျ၊

ကျုပ် သေချင်လောက်အောင် စိတ်ညစ်တယ်၊

ကျုပ်မှာ ငွေမရှိဘူး၊ ဒါ ... ဒါပေမဲ့ ...

အဲ့ ... မိန်းမယူဖို့ စုထားတဲ့ စုဘူး

ဖောက်ပစ်လိုက်ပြီ၊

ဟာဟ ... ကျုပ်အတွက် လောကမှာ

www.burmeseclassic.com

www.burmeseclassic.com



ဘီယာကလွဲရင် ဘာမှမရှိတော့ဘူးဗျာ ...

ဟား ... ဟား ... ဟား"

လို့ ရယ်သံကြီးနဲ့ မျက်ရည်ပေါက်ခနဲကျသွားတဲ့ မောင်မောင့်ကို ကြည့်ပြီး လူကြီးက သက်ပြင်းချမိတယ်။

"ဖြစ်ရလေ မောင်မောင်ရာ၊

မိန်းမဆိုတာ ယောကျ်ားတွေအတွက်

လိုအပ်ချက်ဖြစ်ပေမယ့် ... မင်း

သိပ်ကို အသည်းနုလွန်းပါလားကွ၊

မင်း သိပ်ခံစားနေရပြီ၊

ငါ့ကို ရင်ဖွင့်လိုက်စမ်းကွာ၊

ငါ မင်းကို ဘီယာတိုက်ရုံတင်မကဘူး

တစ်ညလုံး မင်း ရင်ဖွင့်သမျှ

ထိုင်နားထောင်ပေးမယ်၊

ဟုတ်လားကွ"

လူကြီးရဲ့စကားကြောင့် မောင်မောင်တစ်ယောက် ခေါင်းထောင်လာတယ်။



"ဘာ ... ဘာဗျ၊

ကျုပ်ကို ဘီယာတိုက်ပြီး ...

ကျုပ်ရဲ့ရင်ကွဲဇာတ်လမ်းကို

နားထောင်ပေးမယ် ဟုတ်လား၊

ဟား ... ကြားရတာ နားတောင်မယုံနိုင်ဘူး၊

ခင်ဗျားဟာ ...

သိကြားမင်းကြီး မိုးပေါ်က ကျလာသလိုပါပဲ၊

ကဲ ... ကဲ ... ကျုပ်ပြောပြီ သိကြားမင်းကြီးရေ၊

ရင်ဘတ်ကြီး ဖွင့်ပြီးသာ နားထောင်ပေတော့"

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

(၂) ပတ်တိတိ ၁၀၀ ပြည့်တဲ့နေ့မှာတော့ TN အထည်ချုပ်စက်ရုံပိုင်ရှင် ဦးသက်နောင်ရဲ့ ဇိမ်ခံကားကြီးဟာ ရှင်းရပ်ကွက်လေးအတွင်း ဝင်ရောက်လာပြန်တယ်။

ကားကြီးမြင်တာနဲ့ တစ်ပြိုင်နက် စပ်စုလိုတဲ့ ရပ်ကွက်

www.burmeseclassic.com

www.burmeseclassic.com



သူ ရပ်ကွက်သားတွေဟာ လူကြီးမှစ ကလေးအဆုံး ကား နောက်မှာ တစ်ပြုံကြီး လိုက်ပါခဲ့ကြတယ်။

ဦးသက်နောင် အသည်းရောင်အိတ်လေးဆွဲယူရင်း ကား ပေါ်က ဆင်းလိုက်တယ်။

ခြံတံခါးကို အသာတွန်းဖွင့်ပြီး ခြံထဲဝင်လိုက်ချိန်မှာ တော့ စပ်စုလိုတဲ့ လူအုပ်ကြီးဟာ စည်းရိုးပြင်ကနေ သူ့ထက်ပါ အလုအယက် ကြည့်ရှုကျန်ရစ်ခဲ့တယ်။

"မင်္ဂလာပါ ဦးလေး၊ ဝင်ခွင့်ပြုပါ ခင်ဗျ"

ယဉ်ကျေးပျူငှာတဲ့အသံနဲ့ ရေမွေးနံ့အကောင်းစား ကြောင့် ဂျာနယ်စီနေတဲ့ ဦးပွင့်ဟာ ၎င်းမှန်း အတတ်သိလိုက် တယ်။

"ဩော် ... မောင်ရင် ရောက်လာပြီပဲ၊

လာပါ မောင်ရင်၊ အိမ်ထဲကို ဝင်ပါ"

ဖိတ်မန္တကစကားနဲ့အတူ ၎င်းကိုယ်တိုင် ထပြီး ဖျာခင်း ပေးလိုက်တယ်။

"သမီးကြီးရေ ... နင့်အစ်ကိုအတွက်



စားစရာလေး စီစဉ်ပါဦးကွဲ့"

ဦးပွင့်ရဲ့အပြောကြောင့် ဦးသက်နောင်ဟာ ဖျာမှာထိုင် ရင်း ...

"နေပါစေ ဦးရယ် ...

ကျွန်တော့်အတွက် ဒုက္ခမရှာပါနဲ့"

လို့ လက်ကာပြောလိုက်တယ်။

"ဘယ်ဟုတ်ပါ့မလဲ လူလေးရယ်၊

မကြာခင် ... လူလေးနဲ့ဦးတို့က

မိသားစုဝင်တွေ ဖြစ်တော့မှာပဲဟာ ...

ဘာမှအားမနာနဲ့ဟေ့၊

မင်းညီမ ပွင့်မော်ရဲ့လက်ဖက်သုပ်ကို

စားဖူးရင် ဆွေမျိုးမေ့သွားမယ်ကွ"

ဦးပွင့်ရဲ့ ဘွင်းဘွင်းကြီး ပြောလိုက်တဲ့စကားကြောင့် ဦးသက်နောင်ဟာ မျက်လုံးတွေ လက်သွားပြီး ...

"ဗျာ ... ဒါ ... ဒါဆို ...

ကျွန်တော့်ရဲ့ ကမ်းလှမ်းမှုကို

www.burmeseclassic.com

www.burmeseclassic.com



ပွင့်မော် လက်ခံလိုက်ပြီပေါ့၊

ဝမ်းသာလိုက်တာဗျာ၊ လာသာလာရတာ စိတ်က

ထင့်နေမိပါရဲ့ ဦးရယ်"

လို့ သွက်လက်စွာ ပြောလိုက်တယ်။

"ဟုတ်ပါတယ် လူလေး၊

လူလေးကို သမီးကြီးက

လက်ခံလိုက်ပါပြီ၊ လူလေးက ငွေကြေးပြည့်စုံပေမယ့်

မာန်မာန လုံးဝမရှိဘူး၊ ရိုးသားပွင့်လင်းတယ်၊

ဒါကို ဦးတို့မိသားစု သိပ်သဘောကျမိတယ်ကွယ်"

ဦးပွင့် စကားဆုံးစဉ်မှာပဲ မြန်မာဆန်ဆန် ဝတ်ဆင်ထားတဲ့ ပွင့်မော်ဦးဟာ လင်ပန်းတစ်ချပ်နဲ့အတူ အိမ်ရှေ့ထွက်လာတယ်။

"လာ ... သမီးကြီး ...

ကဲ ... မောင်သက်နောင်ရေ ...

လက်ဖက်သုပ်လေး စားကြည့်ပါဦးကွဲ့၊

အခါးရည်ပူပူလေးလည်း သောက်ပါဦးကွယ်"



ဦးပွင့်ရဲ့စကားနဲ့အတူ ပွင့်မော်ဦးက ဖခင်ရဲ့နံဘေး ကျုံ့ကျုံ့လေး ဝင်ထိုင်လိုက်တယ်။

ဦးသက်နောင်က လက်ဖက်သုပ်တစ်ဇွန်းနဲ့ ခပ်စားလိုက်ပြီး ...

"ဟာ ... ပွင့်မော်သုပ်တဲ့ လက်ဖက်က ...

ကျွန်တော့်အကြိုက်နဲ့ ကွက်တိပဲ၊

ဧရာသီးစိမ်းလေးလည်း ပါတယ်၊

ကျွန်တော်က လက်ဖက်ဆို ...

ကြက်သွန်ကြော်နဲ့နှမ်းပဲ ကြိုက်တာလေ၊

ပဲခြမ်းတွေ, ဘာတွေ လုံးဝမကြိုက်ဘူး၊

နုပ်ထားတဲ့ အရသာကလည်း အတော်ပဲ"

လို့ ချီးမွမ်းစကားဆိုလိုက်တယ်။

သူ့စကားကြောင့် ပွင့်မော်ဦးတစ်ယောက် မသိမသာ မျက်နှာမဲ့သွားတယ်။

"ဟွန်း ... ကြံဖန်ပြီး သူဌေးတွေများ

ချီးမွမ်းတတ်လိုက်တာ၊ လက်ဖက်က

www.burmeseclassic.com

www.burmeseclassic.com



ငါနှပ်တဲ့ဟာ မဟုတ်ဘူး၊ ငါးဆယ်တန်

စည်တော်ကြီးနှစ်ထုပ် ဝယ်ပြီးဖောက်ထည့်ထားတာ၊

အကြော်ကလည်း အိမ်မှာ ပဲခြမ်းကုန်နေလို့

ရှိတာပဲ ထည့်သုပ်ထားတာ၊

ပုစွန်ခြောက်တောင်မပါတဲ့ လက်ဖက်ကို

ချီးမွမ်းနေတာ အံ့ပါရဲ့နော်"

"ဟဲ့ သမီးကြီး ... ဘာတွေတွေးနေတာလဲ၊

နင့်အစ်ကိုကို အခါးရည်ငှဲ့ပေးလိုက်ဦးလေ"

ဖခင်ရဲ့အပြောကြောင့် သူမ အတွေးရပ်သွားပြီး အခါးရည်ငှဲ့ပေးလိုက်မိတယ်။

"ဩော် ... လက်ဖက်သုပ်အစားကောင်းနေတာနဲ့

လာရင်းကိစ္စတောင် မေ့တော့မလို့၊

ဒီမှာကြည့်ပါဦး ပွင့်မော် ...

ဒါက ... မင်္ဂလာပွဲမှာ ပွင့်မော်

ဝတ်ဆင်ရမယ့်အရာတွေ ဖြစ်သလို

ကိုယ့်ရဲ့တင်တောင်းမှုလည်း ဟုတ်ပါတယ်"



ပြောပြောဆိုဆို ဦးသက်နောင်က အနက်ရောင်ကတ္တီပါ ဘူးပြားကြီးတစ်ခု ကမ်းပေးတယ်။

ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ ဦးပွင့်ရော၊ ပွင့်မော်ဦးပါ မျက်လုံးပြာဝေမတတ် အံ့အားသင့်သွားကြရတယ်။

အရောင်အသွေး တဖျပ်ဖျပ်လက်နေတဲ့ စိန်တစ်ဆင်စာ။

ပွင့်မော်ဦးဟာ အံ့အားသင့်မှုနဲ့အတူ ခေါင်းခါယမ်းလိုက်ရင်း ...

"အို ... ဒါ ... ဒါတွေက

သိပ်တန်ဖိုးကြီးလွန်းပါတယ် သူဌေး၊

ကျွန် ... ကျွန်မ လက်မခံပါရစေနဲ့ရှင်"

လို့ ထိတ်လန့်စွာ ငြင်းဆန်လိုက်မိတယ်။

"ပွင့်မော်ရယ် ... မင်းရဲ့ရိုးသားတဲ့စိတ်ကို

ကိုယ် သိပါတယ်၊ ဒါတွေက ...

ကိုယ့်သတို့သမီးအတွက် ... မိဘတွေ

စီစဉ်ပေးခဲ့တဲ့ ရှေးစိန်တွေပါ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ဒါတွေနဲ့ ပွင့်မော်ကို
တန်ဖိုးရှိရှိ တင်တောင်းတာလေ၊
ပွင့်မော် လက်ခံပေးပါကွာ”

ဦးသက်နောင်ရဲ့အပြောကြောင့် သူမဟာ ၎င်းကို စူးစူးစိုက်စိုက်ကြီး ကြည့်လိုက်တယ်။

“ပြောပါရစေ သူဌေး ...၊
ကျွန်မကို တင်တောင်းတာ လက်ခံပါတယ်၊
သူဌေးဘက်က တင်တောင်းမှုရှိတဲ့အတွက်
ကျွန်မတို့မိသားစုကလည်း
ဝမ်းသာဂုဏ်ယူမိပါတယ်၊
ဒါပေမဲ့ ... ဟောဒီ စိန်တွေကို
လုံးဝလက်မခံပါရစေနဲ့၊ ကျွန်မဘက်က
သူဌေးကို တောင်းဆိုစရာရှိပါတယ်ရှင်”

သူမ စကားကြောင့် ဦးသက်နောင် အံ့အားသင့်သွားသလို ဦးပွင့်ပါ မျက်လုံးပြူးသွားမိတယ်။

“ဟင် ... ဟုတ်တာပေါ့၊



ကိုယ် ဒါကို မေ့ထားမိတယ်၊
တောင်းပန်ပါတယ် ပွင့်မော်ရယ်၊
ကိုယ် စိတ်လောသွားမိလို့ပါ၊
ပြောပါ ... ပြောပါ၊
ပွင့်မော် ... ဘာများ တောင်းဆိုချင်လဲဟင်”

“ဟုတ်ပါတယ် သူဌေး၊
ကျွန်မတို့လို အောက်ခြေလူတန်းစားတွေအတွက်
တန်ဖိုးကြီး စိန်တွေဟာ မက်လောက်စရာပါပဲ၊
ဒါပေမဲ့ ... ကျွန်မရဲ့မိသားစုမှာ
ဒါ့ထက်ပိုလိုအပ်တဲ့အရာ ရှိတယ်၊
ကျွန်မကို တင်တောင်းချင်ရင် ...
ပျဉ်ထောင်အိမ်လေးတစ်လုံးရယ်၊
ကျွန်မဖခင်အတွက် အလုပ်အတည်တကျ
တစ်ခုရယ်၊ ဒါကိုပဲ စီစဉ်ပေးပါ၊
ဒါဟာ ... ကျွန်မ အလိုအပ်ဆုံး
တောင်းဆိုမှုပါပဲရှင်”□□

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တဲ့အခါ ဦးသက်နောင်က သူမကို မြတ်နိုးစွာ ငေးစိုက်ကြည့်နေရှာတယ်။

"သြော် ... ဖြစ်ရလေ ပွင့်မော်ရယ်၊
မိဘတွေအတွက် ဘာမှစိတ်မပူနဲ့၊
ကိုယ် ဦးလေးနဲ့ပွင့်မော်ရဲ့မောင်လေးတွေကို
သဃ်န်းကျွန်းဘက်က လုံးချင်းအိမ်မှာ
ထားဖို့ ရည်ရွယ်ပြီးသားပါ၊
ထားတယ်ဆိုတာ ... ဒီအတိုင်း
နေခိုင်းမှာမဟုတ်ဘူးနော်၊ စာချုပ်နဲ့အပြီး လွှဲပေးဖို့
အားလုံး စီစဉ်ပြီးသားပါကွယ်၊
ဒါပေမဲ့ ... မင်္ဂလာပွဲမှာ ပွင့်မော်ဝတ်ရမယ့်
စိန်တွေကို လက်ခံပေးရမယ်၊
ဘာမှစိတ်မပူပါနဲ့ ပွင့်မော်ရယ်၊ အရာအားလုံးအတွက်
ကိုယ့်ကို စိတ်ချယုံကြည်လိုက်စမ်းပါ"

□□□

---

## အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

မြတ်ခါးကို ဝုန်းခနဲ ဆွဲဖွင့်ပြီး ဝင်လာတဲ့ မောင်မောင်ကြောင့် သူမ ထမင်းအိုးတည်နေရာက လန့်ဖျပ်သွားမိတယ်။

မောင်မောင်က သူမရှိရာ လျှောက်လာပြီး ...



"သိပ်ပျော်နေသလား မဦး၊

အေးပေါ့လေ ... ရွှေပင်နားရမယ့်

ရွှေကျီးဖြစ်နေပြီပဲ၊ မောင်မောင်လို

ကုမ္ပဏီဝန်ထမ်းကောင်က ရွှေကျီးအတွက် ဘာတန်ဖိုးမှ

မရှိဘူး ... တောက်"

လို့ ဒေါသတကြီး ရေရွတ်ရင်း ကွပ်ပျစ်ကို ဘုန်းခနဲ ...က်ချလိုက်တယ်။

"ဘာတွေဖြစ်နေတာလဲ မောင်ရယ်၊

မက မောင့်ကို ကြိုပြောပြီးထားတာပဲ၊

ဒေါသတွေ ဒီလောက် ထွက်စရာအကြောင်း

မရှိပါဘူး၊ မောင့်ရဲ့စိတ်ကို လျှော့ပါနော်၊

မက မောင်ကလွဲရင် ဘယ်သူမှ

မချစ်ခဲ့ဖူးပါဘူး"

"ဟား ဟား ဟား ဟား ...

ရယ်ဖို့ကောင်းလိုက်တာ ဒေါ်ပွင့်မော်ဦးရာ၊

ခင်ဗျားအသက်က နှစ်ဆယ်ကျော်,

www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ်နား ဆိုက်နေပြီ၊

ကျုပ်ဆိုတဲ့ကောင်က နှစ်ဆယ်ပြည့်ဖို့

အများကြီး လိုသေးတယ်၊ ကျုပ် လူပျိုပေါက်တည်းက

ခင်ဗျားတစ်ယောက်တည်းကို

စွဲစွဲလမ်းလမ်း ချစ်ခဲ့တဲ့ကောင်ပါဗျ၊

ရပ်ကွက်ထဲမှာ လူတွေ ကျုပ်ကို

ဘယ်လောက် လှောင်ပြောင်နေကြသလဲ

ခင်ဗျားကြီး သိရဲ့လား၊ စိန်တစ်ဆင်ဆာနဲ့

တိုက်တစ်လုံးပေးနိုင်လို့ ခင်ဗျားကြီး သူဌေးနောက်

ပါသွားတာတဲ့၊ ကျုပ် ... ကျုပ် ... စောက်ရူးဖြစ်သွားပြီ

ခင်ဗျားကြီး ... ခင်ဗျား ... ဒါကို သိရဲ့လားဗျ ...

တောက်"

မောင်မောင့်ကို သေချာကြည့်တော့ ယိုင်နေတာကို သတိ

ပြုမိသွားတယ်။

"မောင်ရယ် ... ဘာလို့ အရက်တွေ

သောက်လာရတာလဲ၊



ပတ်ဝန်းကျင်က ပြောလို့ မောင်ခံစားရတာ

မ နားလည်ပါတယ်၊ ဒါပေမဲ့ ...

မ,ဆီကို ဒီလိုပုံစံနဲ့ မလာသင့်ဘူးလေ၊

မ,မှာလည်း ပတ်ဝန်းကျင်ရှိသေးတယ်ကွယ်၊

မောင် ပြန်ပါနော်၊ နောက်မှ မ,တို့

တွေ့ကြရအောင်နော် မောင်"

"ဘာဗျ ... ဒေါ်ပွင့်မော်ဦး၊

ခင်ဗျားကြီးက ခုတော့ ကျုပ်ကို

ရင့်ရင့်သီးသီးနှင်ပြီပေါ့၊

ရင်ကွဲဖို့ကောင်းလိုက်တာဗျာ၊

လုံးဝ မပြန်ဘူးဗျာ၊ ခင်ဗျားကြီး ဘာလုပ်မလဲ၊

မောင်မောင်တို့က ဘယ်သူမှ စောက်ဂရုမစိုက်ဘူးဗျ၊

မှတ်ထားစမ်း"

မောင်မောင်ရဲ့ အော်ကြီးဟစ်ကျယ်စကားကြောင့် သူမ

ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားမိတယ်။

"ဟဲ့ ... သမီးကြီး ... ဘာတွေဖြစ်နေတာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



အဖေ အိမ်ထဲက ကြားလို့ ထွက်လာတာ”

“မြင်တဲ့အတိုင်းပဲ အဖေ၊

မောင်မောင် မူးပြီး လာရစ်နေတာလေ၊

သမီးတော့ စိတ်ညစ်တာပဲ သိတယ်

အဖေရယ်၊ သူလုပ်တာနဲ့ ပတ်ဝန်းကျင်တော့

ပိုပြောစရာ ဖြစ်နေပြီ”

“အေး ... အေး .. နားလည်ပေးလိုက်ပါ

သမီးရယ်၊ သူက လူမှန်းမသိအောင်

မူးနေတဲ့ဟာ၊ အဖေ ကြည့်ပြီးလုပ်ပေးပါ့မယ်၊

သွား ... သွား ... အိမ်ထဲဝင်နေချေတော့”

ဦးပွင့်က ထိုသို့ပြောပြီး ခြံပြင်ထွက်သွားတယ်။

သူမ အိမ်ထဲဝင်ဖို့ ပြင်လိုက်စဉ်မှာပဲ ပခုံးတစ်ဖက် ဆောင့်ဆွဲခံလိုက်ရပြီး ...

“ပွင့်မော်ဦး ... မင်း ဘယ်သွားမလို့လဲ၊

ဘာလဲ ... ငါ့လို ငမွဲကို အဖက်မလုပ်ချင်တဲ့

သဘောလား၊



ဟုတ်လားဟင် ... ပြောစမ်းပါ”

လို့ မျက်လုံးပြူးကြီးနဲ့ အမေးကို ခံလိုက်ရတယ်။

“မ ... မဟုတ်ပါဘူး မောင်ရယ်၊

မ ... မ ... အိမ်ထဲမှာ အလုပ်ရှိလို့ပါနော်၊

မောင် ... ကွပ်ပျစ်မှာ နားလိုက်ပါလားဟင်၊

မောင် ... အရမ်းပင်ပန်းနေပြီကွယ်”

သူ့ပခုံးကို ဆွဲကိုင်ရင်း ပြောလိုက်တဲ့အတွက် မောင်မောင်ဟာ သူမကို အားကုန်ဆောင့်တွန်းလွှတ်လိုက်တယ်။

“သွားစမ်းပါ ... လောကမှာ

ခင်ဗျားလောက် ငွေမက်တဲ့မိန်းမ မရှိဘူး၊

ကျုပ်ရဲ့မေတ္တာကို အချိန်အကြာကြီး

တန်ဖိုးမထားတဲ့ မိန်းမ၊

သစ္စာမရှိတဲ့ မိန်းမ၊ ငွေမက်တဲ့ ခင်ဗျားလို

မိန်းမရဲ့မျက်နှာကို ကြည့်ရမယ့်အစား

ခွေးဖင်ကြည့်ရတာ ပိုကောင်းမယ် ...

သွားစမ်း ... သွားစမ်း”

www.burmeseclassic.com

www.burmeseclassic.com



မူးရူးနေတဲ့ မောင်မောင်က ထိုသို့ပြောဆိုရင်း သူမကို ဆင့်ကာ ဆင့်ကာ ဆောင့်တွန်းပစ်လိုက်တယ်။

ဒီအချိန်မှာပဲ ငှင်းရဲ့လက် ချုပ်ကိုင်ခံလိုက်ရပြီး ...

"မင်း သိပ်လွန်နေပြီကွ၊

ငါ့သမီးက မင်းနဲ့ ချစ်သူဘဝပဲ ရှိသေးတာ၊

မင်းက ငါ့အိမ်ထဲထိ လာပြီး ရမ်းကားနေပြီ၊

ဒီမယ် ... ရပ်ကွက်အုပ်ချုပ်ရေးမှူး ...

ဒင်းကို အမြန်ဆုံး

ကျုပ်ခြံထဲက ခေါ်ထုတ်သွားပါ၊

ဒင်းမျက်နှာကို ကျုပ် မမြင်ချင်ဘူးဗျာ"

□□□

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

TN ဘာလည်ချုပ်ပြစာတစ်ရဲ့ပိုင်ရှင် ဦးသက်နောင်နဲ့ အလုပ်သမလေး ပွင့်မော်ဦးတို့ရဲ့ မင်္ဂလာဧည့်ခံပွဲကြီးဟာ ဆီဒိုးနားဟိုတယ်ကြီးမှာ စည်ကားစွာ ကျင်းပခဲ့သလို ...

ပွင့်မော်ဦးရဲ့ရပ်ကွက်လူတန်းစားများအတွက် မဟာ



သင်္ဃိသုခကျောင်းတော်ကြီးမှာ ထပ်မံကျင်းပခဲ့ကြပါတယ်။

သူမရဲ့ဖခင်နဲ့မောင်တွေဟာ သဃ်န်းကျွန်းရှိ လုံးချင်းအိမ်ကြီးကို ရောက်ရှိသွားခဲ့သလို ...

သူမဟာလည်း ဦးသက်နောင်ရဲ့ ပန်းလှိုင်အိမ်ရာရှိ လုံးချင်းအိမ်ကြီးကို ရောက်ရှိသွားခဲ့ပါတယ်။

ဒီနေ့၊ ဒီည ... ဟာ ၎င်းတို့နှစ်ဦးရဲ့ မင်္ဂလာဦးညဖြစ်သလို ...

ဦးသက်နောင်တစ်ယောက် စိတ်လှုပ်ရှားမှု လွန်ကဲနေခဲ့တယ်။

ပွင့်မော်ဦးဟာ အဝတ်အစားများ လဲလှယ်ပြီးနောက် မင်္ဂလာခုတင်ကြီးထက် ကျောက်ရုပ်လို ငူငူကြီးထိုင်နေမိတယ်။

"ဟင် ... ပွင့်မော် ...

မျက်နှာလည်း မကောင်းပါလားကွ၊

နေမကောင်းလို့လားဟင်"

ဦးသက်နောင်က သူမနံဘေး ဝင်ထိုင်ရင်း ကြင်နာစွာ မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အို ... မ ... မဟုတ်ပါဘူး သူဌေးရယ်၊

အဖေနဲ့မောင်တွေကို သတိရပြီး

ထိုင်နေမိတာပါ၊

ကျွန်မ ... ဘာလုပ်ပေးရမလဲဟင်"

ဦးသက်နောင်က သူမရဲ့နဖူးပြင်ရှိ ဆံစတွေကို တယုတယ သပ်တင်ပေးရင်း ...

"ဘာမှလုပ်ပေးစရာ မလိုပါဘူးကွယ်၊

ကိုယ့်ကို နားလည်ရင် သူဌေးလို့

မခေါ်နဲ့နော်၊ အစ်ကိုလို့ပဲ ခေါ်ပေးပါ၊

တကယ်တော့ ...

ကိုယ် ပွင့်မော်ကို ပြစရာရှိတယ်"

ဦးသက်နောင် ထိုသို့ပြောပြီး ခုတင်ခေါင်းရင်း အံဆွဲကို ဆွဲဖွင့်လိုက်တယ်။

ဟမ်းဆက်တစ်လုံးက ၎င်းရဲ့လက်ထဲ ပါလာတယ်။

၎င်းက ဟမ်းဆက်ရဲ့ ဖိုတိုဖိုင်ကို ဖွင့်လိုက်ရင်း ...

"ဒီမှာ ကြည့်ပါဦး ပွင့်မော်၊



ကိုယ် ပွင့်မော်ကို ဘယ်လောက်

ရူးသွပ်ခဲ့သလဲဆိုတာ"

လို့ ပြောပြီး ဟမ်းဆက်ကို သူမရှေ့ ပြသတယ်။

အို ... ကြည့်စမ်းပါဦး ...

ဖိုတိုဖိုင်ထဲမှာ သူမပုံတွေချည်းပါလား။

သူမ ... စက်ချုပ်နေတဲ့ပုံတွေ။

ထမင်းစားတဲ့ပုံတွေ။

အလုပ်ကို အဝင်တံခါးက ပုံတွေ။

ပုံတွေမှ အများကြီးပါပဲ။

ဦးသက်နောင်ရဲ့ရူးသွပ်မှုကို သူမ မျက်လုံးပြူးရင်း အံ့သြသွားမိတယ်။

"ကဲ ... ယုံပြီလား ပွင့်မော်၊

ကိုယ်က ပွင့်မော် မသိခင်တည်းက

ကျိတ်ပြီး စွဲလမ်းခဲ့သူပါ၊

ကိုယ့်ရဲ့ အားလပ်ချိန်တိုင်း ...

ပွင့်မော်ရှိတဲ့နေရာသွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်လေး ဓာတ်ပုံတွေ ရိုက်ခဲ့ရတယ်၊

အိမ်ပြန်ရောက်ရင် ဒီပုံလေးတွေ ပြန်ကြည့်ပြီး

စိတ်ကူးယဉ် အလွမ်းဖြေခဲ့ရတာ ညတိုင်းပါပဲ၊

ဒီနေ့တော့ ...

ကိုယ့်ရဲ့စိတ်ကူးတွေ တကယ်ဖြစ်သွားခဲ့ရပြီ၊

ကိုယ် အရမ်းချစ်တဲ့သူကို ဘေးမှာထားပြီး

အိပ်စက်ရမယ့်အတွက် ...

ကိုယ့်ရဲ့မနက်နိုးထချင်ဟာ ...

သိပ်ကို ပြည့်စုံသွားပြီ ပွင့်မော်ရယ်၊

ကျေးဇူးတင်ပါတယ်ကွာ"

ဦးသက်နောင်က ထိုသို့ပြောဆိုပြီး သူမရဲ့ကိုယ်လေးကို ထွေးပွေ့လိုက်တယ်။

သူမ တစ်ကိုယ်လုံး အသက်ရှုကျပ်မတတ် ခံစားလိုက်ရတယ်။

သူမရဲ့နဖူးပြင်ကို ဖွဖွလေး နမ်းရှိုက်ဖို့ ပြင်လိုက်ချိန်မှာတော့ ...



"ကလင် ... ကလင် ... ကလင် ... လင်"

"ဟော ... အိမ်ဖုန်းက ဒီအချိန်ကြီး ဘယ်သူပါလိမ့်ကွာ"

"ရ ... ရတယ် အစ်ကို၊

ကျွန်မ သွားကိုင်လိုက်မယ်နော်၊

အစ်ကို အောက်ထပ်မဆင်းနဲ့တော့"

ပွင့်မော်ဦးဟာ ဦးသက်နောင်ရဲ့ရင်ခွင်တွင်းက လွတ်မြောက်ခွင့်ရတော့မှ အသက်ရှုချောင်သလို ခံစားလိုက်ရတယ်။

သူမ အောက်ထပ်ဧည့်ခန်းဆီ ခပ်သွက်သွက် ဆင်းခဲ့မိတယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

"ဟဲလို . . . ပြောပါရှင်"

သူမ အသံပြုလိုက်ချိန်မှာပဲ တစ်ဖက်က အသံကို ကြားလိုက်ရတယ်။

"မ ... ခြံ၀ကို လာခဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတယ်၊ အခုလာခဲ့နော် မ၊

ဘာမှပြန်မမေးနဲ့ ... ဒါပဲနော်"

မောင်မောင်ရဲ့အသံ။

သူမ ဖုန်းခွက်ကို ချရင်း ရင်ထိတ်သွားမိတယ်။

"အချိန်မတော်ကြီး သူ ဘာလာလုပ်ပါလိမ့်၊

ပြီးတော့ ခြံဝကိုလည်း လာခိုင်းနေတယ်၊

ငါ ဘာလုပ်ရမလဲ၊ မသွားရင်လည်း

သူ ပြဿနာရှာဦးမယ်၊

စိတ်ညစ်ဖို့ကောင်းလိုက်တာရှင်"

အတွေးနဲ့အတူ သူမ အိမ်တံခါးကို အသာဖွင့်ပြီး ခပ်သုတ်သုတ် ထွက်ခဲ့တယ်။

ခြံတံခါးဝရောက်တော့ ...

"မ ... မောင့်ကို ချစ်သေးရဲ့လားဟင်"

"ဒါကိုမေးဖို့ ခေါ်တာလား မောင်၊

မင်းပြောတဲ့ အရေးကြီးတာကို ပြောပါ၊

အစ်ကို သိသွားရင် မကောင်းဘူး



သိလား"

"ဟုတ်ပြီ ... မောင်ပြောတဲ့အတိုင်း

လာတယ်ဆိုတော့ မောင့်အပေါ်မှာ

အရင်လို ချစ်ဆဲလို့ မှတ်လိုက်မယ်နော်၊

ရော့ ... မ,ကို ဒါလာပေးတာ"

မောင်မောင်က စက္ကူနဲ့ထုပ်ထားတဲ့ လက်မဝက်သာသာ အထုပ်လေးကို ကမ်းပေးတယ်။

သူမ ကြောင်ငေးကြည့်နေစဉ်မှာပဲ သူက အနားကပ်ပြီး လေသံတိုးတိုးပြောလာတယ်။

သူမ မျက်လုံးပြူးသွားရင်း ...

"ဟင် ... ဖြစ်ပါ့မလား မောင်၊

မ ... ကြောက်တယ်"

လို့ ရေရွတ်လိုက်မိတယ်။

"မ ... သူ့ကို မချစ်ဘူး မဟုတ်လား၊

ဘာမှအန္တရာယ်မရှိဘူး မ,ရ၊

ကဲ ... မ,ပြန်ဝင်တော့ အချိန်မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မောင်ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်တော၊

သွားပြီ"

မောင်မောင်က ထိုသို့ပြောပြီး သံတံခါးရဲ့ သံတိုင်တွေကြားကနေ သူမမျက်နှာကို ရှုတ်ခနဲ နမ်းရှုပ်လိုက်တယ်။

ပြီးတော့ မှောင်ရိပ်ထဲကို လှစ်ခနဲ ပြေးဝင်ပျောက်ကွယ်သွားတော့တယ်။

ပွင့်မော်ဦးတစ်ယောက် တုန်ယင်တဲ့ ခြေလှမ်းတွေနဲ့ အိမ်ကြီးထဲ ပြန်ဝင်ခဲ့တယ်။

မောင်မောင်ပေးတဲ့ အထုပ်လေးက ဘာများပါလိမ့်။

ဘာကြောင့် အန္တရာယ်မရှိဘူးလည်း ပြောသေး ... ဒီလိုစိစဉ်ခိုင်းပါလိမ့်။

အတွေးများနဲ့ အိပ်ခန်းထဲ ပြန်ဝင်ခဲ့မိတယ်။

"ဘယ်ကဖုန်းလဲ ပွင့်မော်၊

အား ... ကျွတ် ... ကျွတ်"

ဦးသက်နောင်က အိပ်ရာပေါ်ကနေ နားထင်ကို လက်ထောက်ရင်း လှမ်းမေးတယ်။



"ဘာဖြစ်လို့လဲဟင် အစ်ကို၊

ခေါင်းကိုက်လို့လား"

"ဟုတ်တယ်ကွာ၊ ညနေ့ခံပွဲမှာတည်းက

ကိုက်နေတာ"

"ဒါဆို ကျွန်မ လူပျံတော်ပတ္တမြားကို

သံပုရာသီးနဲ့ ဖျော်ပေးမယ်နော်၊

ဖုန်းက အဖေ့ဆီက လာတာပါ၊

ဘာမှတော့မဟုတ်ပါဘူး၊

သူတို့ အဆင်ပြေကြောင်း ပြောပြတာပါ၊

ကျွန်မ သွေးဆေး သွားဖျော်လိုက်မယ်နော်"

သူမ ... ထိုသို့ပြောပြီး အောက်ထပ်ကို ပြန်ဆင်းခဲ့တယ်။

မီးဖိုခန်းထဲရောက်တော့ သွေးဆေးကို အမြန်ဖျော်လိုက်တယ်။

ပြီးတော့ ... မောင်မောင်ပေးတဲ့ စက္ကူထုပ်လေးကို ဖြည်ပြီး သွေးဆေးထဲ ရောထည့်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြာမှုန့်လို အမှုန့်တွေဟာ ဘာတွေမှန်းမသိပေမယ့် ဦးသက်နောင်ကို မချစ်ခင်တဲ့ သူမ ...

မောင်မောင်ခိုင်းတဲ့အတိုင်း လုပ်လိုက်မိတယ်။

အိပ်ခန်းထဲ ပြန်ရောက်တော့ ဦးသက်နောင်က သွေး ဆေးခွက်ကို လှမ်းယူပြီး မော့သောက်လိုက်တယ်။

"အား ... လည်ချောင်းထဲ ဆေးဝင်သွားတာနဲ့ ခေါင်းကြည်သလို ခံစားလိုက်ရတယ်၊ ကျေးဇူးပါ ပွင့်မော်ရယ်"

□□□

## အပိုင်း (၉)

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ မောင်မောင် ... ငါလုပ်ပေးလိုက်တာ အဆင်ပြေရဲ့လားကွ"

မောင်မောင်တစ်ယောက် လက်ဖက်ရည်ဆိုင်ထိုင်နေစဉ် ပန်းပုတ်အမေးခံလိုက်ရတာကြောင့် ကြောင်သူတော်ကြီးဆိုတာ



သိလိုက်တယ်။ ဒါကြောင့် ...

"ထိုင်ဗျာ ... ဦးကြောင်ကြီး၊

ဟိုတစ်ခါက ခင်ဗျား ကျုပ်ကို

ဘီယာတိုက်ခဲ့တော့ ကျုပ်က

လက်ဖက်ရည်ပြန်တိုက်ရမှာပေါ့"

"ဟေ ... ဒီလိုလားကွ၊ အကုန်အကျ များနေပါ့မယ်

မောင်မောင်ရာ၊ ဘာပဲဖြစ်ဖြစ် ထိုင်ပြီဟေ့၊

ဗိုက်ပြည့်ဖို့ အရေးကြီးတယ်ကွ"

ကြောင်သူတော်ကြီးက ဖျင်လွယ်အိတ်တ်ကြီးကို ခုံလွတ်ပေါ်တင်ရင်း ထိုင်လိုက်တယ်။

"ကဲ ... စားပွဲထိုးကောင်လေးရေ ...

ရှိတာ အကုန်ချစမ်းကွ၊ ဒကာရှိရင် ကြောင်ကြီးတို့က

ဗိုက်ပေါက်အောင် စားပြီပဲဟေ့"

မောင်မောင်က လက်ဖက်ရည်ကို တစ်ငုံမျှ သောက်လိုက်ပြီးတဲ့အခါ ...

"ကျုပ် မနက်က မဦးဆီ ဖုန်းဆက်ကြည့်တယ်ဗျ၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဆိုးလို့လဲ ခင်ဗျားဆေးစွမ်းကြောင့်

ကျုပ်ချစ်သူဟာ လင်ရပေမယ့် ...

အပျိုရည် မပျက်သေးဘူးဗျ၊

ကျေးဇူးပဲ ဦးကြောင်ကြီးရာ"

လို့ ပြောလိုက်ပေမယ့် ကြောင်သူတော်ကြီးဟာ တုံ့ပြန်မှုမရှိဘဲ စားပွဲထိုးကိုသာ မျှော်ကြည့်နေရှာတယ်။

"ပြောတာ ကြားရဲ့လားဗျ ဦးကြောင်ကြီးရ"

"ဟေ ... ကြားပါတယ်ကွ၊ ဗိုက်ဖြည့်ပြီးမှ

စကားပြောရအောင်ကွာ၊ ငါက ဗိုက်ဆာရင် စားရမှကွ"

"တတ်နိုင်တဲ့လူပဲဗျာ၊

ခုနလာတော့ အဆင်ပြေရဲ့လား မေးနေပြီးမှ

ခင်ဗျား အတော် ငတ်ကြီးကျတာပဲ"

ကြောင်သူတော်ကြီးက သူ့စကားကြောင့် ခေါင်းလှည့်ပြီး မျက်မှောင်ကြုတ်ကြည့်တယ်။

"ဟကောင်ရ ... ထောင်တန်တဲ့စကားဆိုတာ ...

မင်း မကြားဖူးဘူးလား၊ ခုချိန်မှာ ငါက



မင်းရဲ့ဆရာကြီးကွ၊ ဆရာကို အငတ်လို့မပြောရဘူး၊

မှတ်ထားစမ်း"

ဒီအချိန်မှာပဲ စားပွဲထိုးလေးက လက်ဖက်ရည်၊ ရှမ်းခေါက်ဆွဲနဲ့ နန်းကြီးသုတ်တွေ လာချပေးတယ်။

ကြောင်သူတော်ကြီးဟာ စားသောက်ဖွယ်ရာတွေကို မြိန်ယှက်စွာ စတင်စားသောက်တော့တယ်။

"ဖြည်းဖြည်းစားပါ ဆရာကြောင်ရယ်၊

တော်ကြာ ... စားပိုးနင့်ပြီး ဆရာသေလို့

တပည့်မျက်နှာ ငယ်နေရပါ့မယ်၊

စား ... စား ... ဖြည်းဖြည်းစား၊

လိုရင်ထပ်မှာပေးဦးမှာနော်"

ကြောင်သူတော်ကြီးက သူ့စကားကို ဂရုမစိုက်ဘဲ အသုတ်နှစ်ပွဲကို ခဏချင်းကုန်အောင် စားပစ်လိုက်တယ်။

"ထပ်ယူဦးမလား ဆရာကြောင်၊

တပည့် မှာပေးမယ်လေ"

မောင်မောင်ရဲ့ရွဲ့မေးလိုက်တဲ့စကားကို ကြောင်သူတော်

www.burmeseclassic.com

www.burmeseclassic.com



ကြီးက လက်ဖက်ရည် ခိမ်ခံသောက်ရင်း လက်ကာပြတယ်။

"လုံလောက်ပြီ တပည့်ရ၊

ခဏနေ ငါ့ကို ပြုစုမယ့် တပည့်တွေ

ရှိသေးတယ်၊ ခရီးဆက်ရမှာမို့ ဖိုက်ချန်ထားရဦးမယ်"

"ကဲ ... ဒါဆိုလည်း ...

ကျုပ်ကိစ္စ ပြောဦးလေဗျာ"

"ဒီလိုရှိတယ် မောင်မောင်ရ ...

ငါဟာ ငါ့ရဲ့လေးယောက်မြောက်ဇနီး

ဆုံးပြီးကတည်းက ... အချိန်အားဖြင့်

လွန်ခဲ့တဲ့ သုံးနှစ်လောက်တည်းကပေါ့ကွာ၊

ငါဟာ သုံးနှစ်လုံး ... အနယ်နယ်အရပ်ရပ်လှည့်ပြီး

ပီယသျှို၊ မော်ဝင်အင်းနဲ့

တခြားသောအောက်လမ်းပညာရပ်အချို့ကို

ကျင့်ကြံအားထုတ်ခဲ့တယ်၊

ငါ့ရဲ့ပညာရပ်တွေကိုလည်း အစွမ်းရှိ၊မရှိ၊

နယ်မျိုးစုံမှာ စမ်းသပ်ခဲ့တယ်၊



အေး ... ဒီကိုပြန်ရောက်တဲ့နေ့မှာပဲ

မင်းနဲ့ဘီယာဆိုင်မှာတွေ့ပြီး

မင်းရဲ့အဖြစ်ကို သိလိုက်ရတဲ့အတွက်

သိပ်ချစ်တဲ့ ချစ်သူနှစ်ယောက် ...

ပြန်ပေါင်းပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့

ကူညီပေးခဲ့တယ်၊

ငါပေးလိုက်တဲ့ အစီအရင်ပြာမှုန့်တွေက

မင်းရဲ့မမဟာ သူ့ယောကျ်ားကို

အလိုရှိရာ ကြိုးဆွဲနိုင်စေမယ့်

အစီအရင်ပဲကွ၊ ပြာမှုန့်အားလုံး

သူ့ကိုယ်ထဲ ဝင်သွားပြီဆိုတာနဲ့

သူဟာ မင်းရဲ့မမ, ပြောဆိုသမျှ

ကြိုးဆွဲရာကပေးမယ့် ရုပ်သေးရုပ်လေး

ဖြစ်သွားလိမ့်မယ်၊ ဒါပေမဲ့ ...

တစ်ခုရှိတာက အစီအရင် ပြာမှုန့်တွေကို

နည်းနည်းချင်း ကိုယ်ထဲဝင်အောင် လုပ်ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း အားလုံးတိုက်လိုက်လို့မရဘူးကွ၊

မင်း သူ့ကို သေချာသတိပေးထားကွ၊

ကဲ ... ငါလည်း တပည့်တစ်ယောက်ဆီ

သွားရမှာမို့ သွားပြီကွ၊

မင်းရဲ့ကိစ္စ လုံးဝအောင်မြင်ရင်

ငါ့ကို ကျေးဇူးဆပ်ဖို့ မမေ့နဲ့ကွ၊

ငါ သွားပြီ”

□□□

# အပိုင်း (၁၀)

www.burmeseclassic.com

www.burmeseclassic.com

ပွင့်မော်ဦးတစ်ယောက် ညနေစာချက်ပြုတ်ပြီး
ခြံထဲဆင်း ပန်းပင်ရေလောင်းနေလိုက်တယ်။

တီ ... တီ ... တီ

ဟွန်းသံကြောင့် ခြံစောင့်အဘိုးအိုဟာ အလျင်အမြန်



ခြံတံခါးကို ပြေးဖွင့်ပေးလိုက်တယ်။

ဦးသက်နောင်က ကားမှန်ချပြီး ...

"ပွင့်မော်ရော ဦးလေး"

လို့ မေးလိုက်တယ်။

"ရှိပါတယ် ဆရာကြီး၊

ပန်းခြံထဲမှာ ရှိပါတယ်"

ဦးသက်နောင်က ကားကို ပန်းခြံရှေ့ ရပ်ခိုင်းလိုက်ပြီး

ဆင်းလိုက်တယ်။

"ဘာတွေလုပ်နေတာလဲ ပွင့်မော်၊

ဒါတွေက မာလီလုပ်ရမယ့် အလုပ်ပါ၊

အိမ်ထဲမှာ စလောင်းကြည့်ရင်း နားနေပါလားကွာ"

ပြောပြောဆိုဆို သူမခါးကို ဆွဲဖက်လိုက်တယ်။

ပွင့်မော်ဦးက ရေပိုက်ကို ချလိုက်ရင်း ...

"တီဗီပဲ အမြဲကြည့်နေရတော့လည်း

ငြီးငွေ့တာပေါ့ အစ်ကို၊

အညောင်းပြေ ရေလောင်းနေတာပါ၊

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ထမင်းအရင်စားမှာလားဟင်၊

ကျွန်မ သွားပြင်လိုက်မယ်နော်"

လို့ မေးလိုက်တဲ့အခါ ဦးသက်နောင်ဟာ မျက်မှန်အောက်က မျက်လုံးတွေနဲ့ သူမကို ကြင်နာစွာပြုံးကြည့်နေရှာတယ်။

"ကိုယ်တော့ မိန်းမရတာ သိပ်ကံကောင်းတယ်ကွာ၊

ပွင့်မော်ဟာ အဆင်းရော, အချင်းပါ

ပြည့်စုံတဲ့ မိန်းကလေးပါ၊

အင်း ... သေဆုံးသွားတဲ့ ကိုယ့်မိဘတွေသာသိရင်

သိပ်ဝမ်းသာကြရှာမှာ၊ ပွင့်မော်က

ဇနီးဝတ္တရားကျေတာ ကိုယ်သိပါတယ်၊

ဒါပေမဲ့ ... ပွင့်မော်ဘဝလေးဟာ

တစ်သက်လုံး မောပန်းခဲ့ရပြီးပြီပဲကွယ်၊

ထမင်းချက်ကြီး ရှိနေတာပဲ ပွင့်မော်ရယ် ...

အပင်ပန်းမခံပါနဲ့လားကွာ"

"ရပါတယ် အစ်ကို၊



အစ်ကို့ရဲ့မေတ္တာကို နားလည်ပါတယ်၊

ကျွန်မကိုယ်တိုင်က အလုပ်မလုပ်ဘဲ

မနေတတ်လို့ပါ"

"ဟုတ်ပါပြီကွာ၊ ဪ ... ပွင့်မော်

ဈေးဝယ်တွေ ဘာတွေသွားချင်လားဟင်၊

ကိုယ် ရေချိုးပြီး လိုက်ပို့ပေးမယ်"

ဦးသက်နောင်ရဲ့ အမေးကြောင့် သူမ ခေါင်းခါယမ်းမိတယ်။

"ဟင်းချက်စရာလည်း အပြည့်ရှိတယ် အစ်ကို၊

အဝတ်အစားဆိုလည်း အစ်ကို

ဝယ်ပေးထားတာတောင် များနေပါပြီ၊

အလကား ငွေဖြုန်းတဲ့အလုပ်တွေ

ကျွန်မ မလုပ်တတ်ပါဘူး အစ်ကို"

ဦးသက်နောင်က သူမကို သဘောကျ ကျေနပ်စွာ ပြုံးကြည့်ရင်း အိမ်ကြီးထဲ ဆွဲခေါ်ခဲ့တယ်။

"ကိုယ် ရေချိုးဦးမယ် ပွင့်မော်၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ အတူ ထမင်းစားကြတာပေါ့”

ထိုသို့ပြောရင်း ဦးသက်နောင်ဟာ အပေါ်ထပ်ကို တက်ခဲ့တယ်။

အဝတ်များ ချွတ်ပြီး မျက်နှာသုတ်ပဝါပတ်ရင်း ရေချိုးခန်းထဲ ဝင်ခဲ့လိုက်တယ်။

ပြီးတော့ ရေချိုးဇလုံရှိ ရေဘားကို ဖွင့်ပြီး ဆပ်ပြာရည်ဘားကိုပါ လှည့်လိုက်တယ်။

ရေတစ်ဝက်လောက် ပြည့်တဲ့အခါ ဇလုံထဲဝင်ပြီး ရေစိမ်လိုက်တယ်။

ဦးသက်နောင်တစ်ယောက် ဆပ်ပြာမှုန့်တွေနဲ့ ကိုယ်ကိုပွတ်တိုက်ရင်းက ဇနီးသည်ရဲ့မျက်နှာလေးကို မြင်ယောင်လာတယ်။

“အင်း ... မင်္ဂလာဆောင်ပြီးတာ
ဆယ်ရက်ပြည့်တော့မယ်၊ ခုထိ ... ငါ
လူပျိုရည်မပျက်သေးသလို ...
ပွင့်မော်လည်း အပျိုစင်ပဲ ရှိသေးတယ်၊



ငါ တော်တော်အသုံးမကျတဲ့ကောင်၊
မင်္ဂလာဦးညကတည်းက ခေါင်းမူးလို့
သွေးဆေးသောက်ပြီး အိပ်သွားခဲ့တယ်၊
နောက်ညတွေလည်း ဒီလိုပဲ အိပ်ရာထဲရောက်လို့
ပွင့်မော်ကို ဖက်အိပ်လိုက်တာနဲ့
ငါ အိပ်ပျော်သွားခဲ့ရတယ်၊ ဘာပဲဖြစ်ဖြစ် ...
ငါ ဒီညတော့ ကြိုးစားရမယ်၊
မိန်းမရပြီး လူပျိုဖြစ်နေတာ ငါ သောက်သုံးမကျလို့ပဲ၊
ဟုတ်တယ်၊ ဒီည ကြိုးစားရမယ်ကွ”

ဦးသက်နောင်ဟာ အတွေးနဲ့ မျက်လုံးမှိတ်ရင်း ကျေနပ်စွာ ရယ်မောလိုက်မိတယ်။

“ဟား ... ဟား ... ဟား ... ဟား”

ပဲ့တင်သံလို ကြားလိုက်ရတဲ့ ရယ်သံကြီးကြောင့် သူ ဆတ်ခနဲ မျက်လုံးဖွင့်လိုက်တယ်။

“ဟ ... ငါရယ်လိုက်တာ
ဒီလောက်မကျယ်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ အသံက ဟိန်းထွက်သွားရတာလဲ၊

အာ ... ငါ ပွင့်မော်အကြောင်း တွေးရင်း

စိတ်ထင်သွားတာပဲ ဖြစ်ရမယ်”

အတွေးနဲ့အတူ ရေချိုးဇလုံရဲ့အပေါက်ကို ဆွဲဖွင့်လိုက်တယ်။

ဆပ်ပြာရည်တွေ ကုန်သွားတော့မှ ရေပန်းအောက်ဝင်ပြီး ရေကို တဝကြီးချိုးပစ်လိုက်တယ်။

ရေပန်းအောက် ရေဝင်ချိုးနေစဉ်မှာပဲ ရေချိုးဇလုံကို ကာထားတဲ့ ပလတ်စတစ်လိုက်ကာစ,ဟာ လူတစ်ယောက်ဆွဲဖယ်လိုက်သလို အသံကြားလိုက်ရတယ်။

ဒါ့ကြောင့် မျက်နှာပေါ်က ဆပ်ပြာတွေကို အမြန်ဆေးကြောရင်း လှည့်ကြည့်ဖို့ ပြင်လိုက်တယ်။

တစ်ချိန်တည်းမှာပဲ သူ့အနောက်မှာ တစ်စုံတစ်ယောက်ရပ်နေသလို၊ ရောက်လာသလိုကြီး ခံစားလိုက်ရပြန်တယ်။

သူဟာ ရေခေါင်းကို လှည့်ပိတ်ပြီး နောက်ကို ဆက်ခနဲကြည့်လိုက်တယ်။



သူကလွဲရင် ဘယ်သူမှမရှိတဲ့ ရေချိုးခန်း ...

ဒါကြောင့် စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်ရင်း ...

“ကျွတ် ... ငါတော့ မိန်းမကို စိတ်ကူးယဉ်ပြီး ရူးနေပြီထင်တယ်၊ ဟာဟ ... ဘယ်သူမှမရှိဘဲ စိတ်က ချောက်ချားနေတာ၊

ပွင့်မော် ဒီအခန်းထဲ ရောက်လာသလိုပဲ”

လို့ ရေရွတ်ပြီး တဘက်ကို ဆွဲယူပစ်လိုက်တယ်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

ဥဩ ... ဥဩ ... ဥဩ

နံရံကပ် ငှက်ရုပ်နာရီမှ ဥဩတွန်သံကြောင့် နာရီဆီ လှမ်းကြည့်ရင်း ...

“အား ... ညဆယ်နာရီတောင် ထိုးနေပြီကွ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့အိပ်ကြရအောင် ပွင့်မော်ရာ”

ဦးသက်နောင်က အယ်စီဒီတီဗီကြီးရဲ့ ရယ်မုဒ်ကို ပိတ်ပစ်လိုက်တယ်။

အိပ်ရမယ်ဆိုတဲ့အသိကြောင့် သူမ ကိုယ်လေး ဆတ်ခနဲ တုန်သွားတယ်။

မောင်မောင်ပေးတဲ့ အမှုန်ဆေးစွမ်းကြောင့် ယနေ့ထိ သက်သာရာရနေပေမယ့် ဘယ်နေ့ ထိပ်တိုက်တွေ့မလဲဆိုတာ တွေးရင်း ရင်တွေတုန်သွားရတယ်။

ဦးသက်နောင်က ထိုင်နေရာကထရင်း သူမကို ဆွဲထူလိုက်တယ်။ သူမ ရင်ထိတ်စွာပဲ အပေါ်ထပ် အိပ်ခန်းဆီ လိုက်ပါခဲ့ရတယ်။

“အစ်ကို ... သွေးဆေးသောက်ဦးမလားဟင်၊

ဖျော်ပေးမယ်လေ”

ဦးသက်နောင်က လက်ကာပြပြီး အိပ်ရာပေါ် လှဲချလိုက်တယ်။

“နေ ... နေ ... ပွင့်မော်၊ ကိုယ် မသောက်တော့ဘူး”



၎င်းဟာ ထိုသို့ပြောရင်း သူမရဲ့ကိုယ်ကို အိပ်ရာပေါ် ဆွဲချလိုက်တယ်။

သူမ ... ဦးသက်နောင်ရဲ့ရင်ခွင်ထဲ မထင်မှတ်ဘဲ ရောက်သွားတော့တယ်။

“ပွင့်မော် ... ကိုယ့်ကို စိတ်ဆိုးနေမှာပဲနော်၊

မင်္ဂလာဦးညတည်းက ကိုယ့်ဘက်က

တာဝန်မကျေသလို ဖြစ်ခဲ့ရတယ်”

ဦးသက်နောင် ပြောဆိုရင်း သူမရဲ့ပါးပြင်ကို နမ်းရှုပ်ဖို့ ကြိုးစားတယ်။

သူမ လက်နဲ့အသာ ကာဆီးလိုက်မိတယ်။

“ဟိုလေ ... အဲလိုလည်း မတွေးပါနဲ့

အစ်ကိုရယ်၊ ကျွန်မက အစ်ကို့ရဲ့ဇနီးပဲဟာ၊

ကျွန်မစိတ်ထဲ ဘာမှမရှိပါဘူး၊

အစ်ကို ဘာမှမစဉ်းစားပါနဲ့နော်”

“ပွင့်မော်ကလေ ကိုယ့်အတွက်ဆို

အမြဲအလိုက်သိတယ်နော်၊ ဒါ့ကြောင့် ကိုယ် ပွင့်မော်ကို

www.burmeseclassic.com

www.burmeseclassic.com



မခွဲနိုင်အောင် ချစ်မိသွားတာ၊

ကဲ ... ဒီလောက်တော်တဲ့ ချစ်ဇနီးချောလေးကို

ဘောက်ဆူး ကောင်းကောင်းချရတော့မှာပေါ့"

ဦးသက်နောင်က သူမရဲ့ပါးပြင်ကို ဖွတ်နမ်းရှုတ်ရင်း သူမရဲ့ကိုယ်ပေါ် အုပ်မိုးလာတယ်။

ပြီးတော့ ... ဆင့်ကာ ဆင့်ကာ နမ်းရှိုက်လာတယ်။

သူမ ... ဘာလုပ်လို့ ဘာတွေးရမှန်းမသိအောင် ဖြစ်သွားရတယ်။

ဦးသက်နောင်တစ်ယောက် စိတ်တိုင်းကျ နမ်းရှိုက်နေရာက ရပ်သွားပြီး ဆတ်ခနဲ ကိုယ်ကို နောက်ဆုတ်သွားတယ်။

ၾငင်းရဲ့ထိတ်လန့်ဟန်နဲ့ မျက်လုံးအစုံကိုကြည့်ရင်း သူမ

"ဘာ ... ဘာဖြစ်တာလဲဟင် အစ်ကို"

ဦးသက်နောင် အိပ်ရာဘေး လက်ညှိုးထိုးရင်း ...

"ဟို ... ဟိုလေ ခုနလေးတင် ... ပွင့်မော်ကို

နမ်းနေတုန်း ... အဲဒီမှာ ...

မိန်းမတစ်ယောက် ထိုင်ကြည့်နေသလို



ခံစားလိုက်ရတယ်"

လို့ ပြောလာတယ်။

သူမဟာ အိပ်ရာဘေးကို လှမ်းကြည့်မိလိုက်တယ်။

"ဘယ်သူမှမရှိပါဘူး အစ်ကိုရဲ့၊

အစ်ကို စိတ်အမြင်မှားတာ တူပါရဲ့"

လို့ လိုက်လျောညီထွေ ပြောလိုက်ရတယ်။

ဦးသက်နောင်လည်း မျက်လုံးစုံမှိတ် သက်ပြင်းချရင်း သူမကို ဖက်တွယ်လိုက်ပြန်တယ်။ သူမဟာ မျက်လုံးမှိတ်ရင်း ရင်ထိတ်စွာနဲ့ ဘုရားတ,နေမိတယ်။

ဒီအချိန်မှာပဲ ကိုယ်ပေါ် ခြုံလွှမ်းထားတဲ့စောင်ဟာ တဖြည်းဖြည်း အောက်လျောကျသွားသလို ခံစားလိုက်ရပြန်တယ်။

အဲကွန်းရဲ့ ချမ်းစိမ့်မှုကြောင့် ဦးသက်နောင်ဟာ လက်တစ်ဖက်နဲ့ အသာဆွဲယူလိုက်တယ်။

ဒါပေမဲ့ ... စောင်ကို ပြန်ပြီး ဆောင့်ဆွဲခြင်း ခံလိုက်ရတာကြောင့် ဆတ်ခနဲ လှည့်ကြည့်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ခုလုံး ဒဏ်ရာဗလပွပေါ်မှာ သွေးစီးချောင်း တွေနဲ့ ဆံပင်ဖိုးရိုးဖားရား မိန်းမတစ်ယောက်။

သူ သိပ်လန့်သွားပြီး ...

"အား" ခနဲ အော်ဟစ်ကာ အိပ်ရာပေါ်က ခုန်တင်းလိုက်မိတယ်။

"ဘာဖြစ်ပြန်တာလဲ အစ်ကို၊

ဘာ ... ဘာဖြစ်လို့လဲဟင်၊ ကျွန်မ ရင်တုန်လိုက်တာ"

"ဟိုမှာ ... ဟိုမှာ ... ဒဏ်ရာတွေနဲ့မိန်းမကြီး၊

ကြောက်တယ် ... ကြောက်တယ်"

သွေးရူးသွေးတန်းဖြစ်နေတဲ့ ဦးသက်နောင်ကိုကြည့်ရင်း သူမ ဝေခွဲမရအောင် ဖြစ်သွားတယ်။

သူ ညွှန်ပြရာကို ကြည့်ပြန်တော့လည်း ဘာမှမရှိဘူး။

"ကဲ ... အစ်ကို ... အစ်ကို အရမ်းစိတ်ပင်ပန်းနေပြီ၊

ကျွန်မ သွေးဆေးဖျော်ပေးမှ ရတော့မယ်၊

အစ်ကို ခဏလေးစောင့်နော်"

သူမ စကားကို ဦးသက်နောင်က ခေါင်းယမ်းပြီး ...



"ဟင့်အင်း ... ကြောက်တယ်၊

ကိုယ်မနေရဲဘူး၊ မနေရဲဘူး"

လို့ ရေရွတ်လိုက်တယ်။

"ဟုတ်ပါပြီ ... အစ်ကို မနေရဲရင်

အောက်ထပ်လိုက်ခဲ့နော်၊ ဧည့်ခန်းမှာ

တီဗီကြည့်ရင်း စောင့်နေပါ၊

ကျွန်မ ဆေးဖျော်လိုက်မယ်နော်"

ဦးသက်နောင်ဟာ ဘာမှမငြင်းဆန်ဘဲ အောက်ထပ်ကို သူမနောက်မှ ကောက်ကောက်ပါအောင် လိုက်ပါလာတယ်။ သူမ တီဗီဖွင့်ပေးရင်း ဆိုဖာဆက်တီပေါ် သူ့ကို ထိုင်စေခဲ့တယ်။

မီးဖိုခန်းထဲဝင်ပြီး သွေးဆေးကို သံပရာရည်နဲ့ ဖျော်ရင်း မောင်မောင်ပေးတဲ့ ဆေးမှုန့်ကိုပါ ခတ်လိုက်တယ်။

"ဒီဆေးမှုန့်တွေကြည့်ရတာ ပြာမှုန့်တွေလိုပဲ၊

မောင်မောင် ဘာတွေလုပ်နေသလဲ၊

ငါ ဘာမှမသိရဘူး၊

အို ... ဘာပဲဖြစ်ဖြစ် ဒီအမှုန့်တွေက

www.burmeseclassic.com

www.burmeseclassic.com



ငါ့အတွက် အသုံးဝင်နေတယ်၊

ငါ မအိပ်ချင်တဲ့ ယောကျ်ားနဲ့

ခုထိ မအိပ်စက်ရသေးဘူး၊

ဒါဟာ ... ဆေးမှုန့်အစွမ်းပဲ၊

မောင်မောင့်ကို ကျေးဇူးတင်ရမယ်"

အတွေးနဲ့အတူ သူမ ကျေနပ်စွာ ပြုံးလိုက်မိတယ်။

□□□

# အပိုင်း (၁၂)

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့နံနက်။ ။

ဦးသက်နောင်တစ်ယောက် TN အထည်ချု
စက်ရုံဆီ ထွက်လာရင်း အချိန်စောနေတာက တစ်ကြောင်
စိတ်မကြည်လင်မှုက တစ်ကြောင်း ဖြစ်နေတာမို့ စားသော
ဆိုင်တစ်ခုဆီ ကားကို ဦးလှည့်ခိုင်းလိုက်တယ်။



ပါကင်မှာ ကားရပ်ခိုင်းပြီး နာမည်ကြီးစားသောက်ဆိုင်
ငို ခြေလှည့်လိုက်တယ်။

ဆိုင်ထဲရောက်ပြီးတော့ အကောင်းစားအရက်ပုလင်း
စ်လုံးနဲ့ ဈေးအကြီးဆုံး အမြည်းတွေကို မှာယူလိုက်တယ်။

ဆယ်မိနစ်လောက်အကြာမှာပဲ မှာတဲ့အရာအားလုံး သူ့
ှ့ရောက်လာတယ်။

သူဟာ ... အရက်ကို တပက်ထည့်လိုက်၊ မော့သောက်
လိုက်၊ အမြည်းစားလိုက်နဲ့ လောကစည်းစိမ် ခံစားနေမိတယ်။

ဒီအချိန်မှာပဲ ...

"ဟော့ကောင် သက်နောင်ကြီး ... မင်းလည်း
စိတ်ညစ်စရာမရှိရင် ငါ့ဆီ ဖုန်းကို မဆက်ဘူးကွာ၊
မင်း သိပ်အိုကေနေလား သက်နောင်ကြီးရ"

ရုတ်တရက် ကြားလိုက်ရတဲ့ အသံနဲ့အတူ သူ့ရှေ့ စားပွဲ
ထိုင်လိုက်တဲ့ မျက်နှာကြောင့် သူ ... အံ့အားသင့်သွားမိတယ်။

"ဟာ ... ရန်နိုင် ... မင်း ... မင်း ...
ဒီဆိုင် ဘယ်လိုရောက်လာတာလဲကွ ... ဟေ"

www.burmeseclassic.com

www.burmeseclassic.com



"ညှော်သည်နဲ့ ချိန်းထားလို့ကွ၊

ဒါနဲ့ ငါ ရန်ကုန်ရောက်တာနဲ့ ...

မင်း ... မင်္ဂလာဆောင်တဲ့သတင်း

ကြားရတယ်၊ မင်းကွာ ... ငါ့ကို အကြောင်းတောင်

မကြားဘူး၊ နေနိုင်လိုက်တဲ့ကောင်"

ဦးရန်နိုင်က ပြစ်တင်စကားဆိုရင် အရက်ခွက်ထဲ လိုက်တယ်။

"မဟုတ်ဘူး ရန်နိုင်ရ၊ ငါ့အတွက်နဲ့

မင်း နယ်ကနေ တကူးတက လာရမှာ စိုးလို့ပါကွ၊

ငါ ... အခု အရမ်းစိတ်ညစ်နေတယ်ကွာ"

သူ့စကားကြောင့် ဦးရန်နိုင်ဟာ အရက်ကို တစ် သောက်လိုက်ပြီး ...

"ဟေ ... မင်္ဂလာဆောင်တာ တစ်လတောင်

မပြည့်သေးတဲ့ လူက ဘာစိတ်ညစ်စရာ ရှိမလဲကွ၊

မင်း အလုပ်ကိစ္စကြောင့်လား၊ ဘာလဲ ...

မင်းရဲ့စက်ရုံမှာ ပြဿနာတစ်ခုခုများ ရှိလို့လားကွ"



လို့ မေးလာတယ်။

"မဟုတ်ဘူးကွ၊ စက်ရုံမှာက အားလုံး

အဆင်ပြေပါတယ်၊ အဆင်မပြေတာက ငါပဲကွ၊

ငါပြောရင် မင်း မရယ်နဲ့နော်၊

ငါ ခုချိန်ထိ မင်္ဂလာဦးညကို မကျော်ဖြတ်ရသေးဘူးကွ"

ဦးသက်နောင်ရဲ့ မျှော်လင့်မထားတဲ့စကားကြောင့် ဦးရန်နိုင်တစ်ယောက် မျက်လုံးပြူးသွားတယ်။

"ဟေ့ကောင် ... မင်း ငါ့ကို

နောက်နေတာလားကွ၊

မင်္ဂလာဆောင်ပြီး လူပျိုကြီးဖြစ်နေတာ ...

မင်း အသုံးမကျလို့ ဖြစ်မှာပေါ့၊

ဒါမှမဟုတ် ... မင်းမိန်းမကြောင့်လားဟင်"

"ငါ့မိန်းမကြောင့် မဟုတ်ဘူးကွ၊

မင်္ဂလာဦးညတည်းက ဒီနေ့အထိ

ငါ အိပ်ပျော်သွားခဲ့တာချည်းပဲ၊

မနေ့ညကတော့ ထူးဆန်းတယ်ကွ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့မိန်းမနဲ့ အိပ်ဖို့ကြိုးစားနေတုန်း၊

ကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက်ရဲ့

မျက်နှာကို အသေချာကြီး တွေ့လိုက်ရတယ်၊

အဲဒီမျက်နှာကြီးကို ငါတစ်ယောက်တည်း

တွေ့ခဲ့ရတာကွ"

၎င်းရဲ့စကားကို ဦးရန်နိုင်က မျက်မှောင်ကြုတ်ရင်း နား ထောင်ပြီးတဲ့အခါ ...

"အင်း ... မင်းပြောပုံအရဆို

မင်းတို့ကြားမှာ ဝင်နှောင့်နေတဲ့

မကောင်းဆိုးဝါး ရှိရမယ်ကွ၊

မင်း ... အရင်က

မိန်းကလေးတစ်ယောက်ယောက်ကိုများ

အရှက်တကွဲဖြစ်အောင်တို့၊ သတ်မိတာတို့

လုပ်ခဲ့ဖူးလားကွ"

"ဟာကွာ ... မင်းက ကြံကြီးစည်ရာ၊

ငါ့လိုလူက ဒီလိုအမှုတွေ ကျူးလွန်မလားကွ၊

တစ်သက်မှာ လက်ထပ်ယူတဲ့

မိန်းမတစ်ယောက်နဲ့ပဲ ပတ်သက်ဖူးတာကွ"

"အင်း ... ဒါဆိုရင် မင်းအပြစ်က

တွေးစရာတော့ ဖြစ်နေပြီကွ၊

အေးပါ ... မင်းကိစ္စကို

ငါ သေချာစဉ်းစားကြည့်ပါဦးမယ်ကွာ၊

ဟိုမှာ ငါ့ ညှော်သည်လာနေပြီကွ၊

နောက်မှ တွေ့ကြမယ်ကွာ"

❒❒❒

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၃)

BURMESE CLASSIC .com

ဦးသက်နောင် . . . နေအိမ်အိပ်ခန်းထဲမှာတော့

“မောင်ရယ် ... သိပ်အရဲစွန့်ပြီး

ကဲလွန်းတယ်၊

ခြံစည်းရိုးကျော်ပြီး အိပ်ခန်းထဲထိရောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



လာရတယ်လို့၊

ခြံစောင့်ကြီးတွေ့သွားရင် ဘယ်လိုလုပ်မလဲ၊

ပြန်ပါ မောင်ရယ်နော်"

ပွင့်မော်ဦးဟာ ခါးဖက်ထားတဲ့ မောင်မောင့်လက်ထဲက ရုန်းထွက်လိုက်တယ်။

"မပြန်ဘူးဗျာ၊ မကို ဘယ်လောက်

လွမ်းနေတယ်ဆိုတာ သိရဲ့လား၊

ပိုင်ဆိုင်ခွင့်မရပေမယ့် ပတ်သက်ခွင့်လေးတော့

ရှိသင့်ပါတယ် မ,ရာ၊ မ,က ဒီအိမ်ရောက်မှ

ပိုလှလာတယ်၊ မောင်လေ မ,ကို

လုံးဝအဆုံးရှုံးမခံနိုင်ဘူး၊ အရမ်းချစ်တယ် မ,ရာ"

မောင်မောင်က ပြောပြောဆိုဆို သူမကို တင်းကျပ်စွာ ဖက်တွယ်လိုက်တယ်။

ပြီးတော့ ... အနမ်းပွင့်တွေ

တစ်ပွင့်ပြီးတစ်ပွင့် ခြွေပေးလိုက်တယ်၊

ပွင့်မော်ဦးဟာ ချစ်ဦးသူရဲ့အနမ်းတွေကို



တစ်ပွေ့တစ်ပိုက်ခံယူရင်း မိန်းမောသွားရှာတယ်"

ထိုအချိန် ဦးသက်နောင်တစ်ယောက် စားသောက်ဆိုင် ကနေ စက်ရုံရှိရာသွားနေစဉ် ...

ခေါင်းထဲက တဆစ်ဆစ်ကိုက်ခဲမှုနဲ့အတူ ဇက်တွေ တအားလေးလံနေတယ်။

ဒါ့ကြောင့် နားထင်ကို လက်နဲ့ထောက်ရင်း ...

"အား ... ကျွတ် ... ကျွတ် ..."

ငါ ဘာလို့ ခေါင်းတွေ ပွင့်ထွက်မတတ် ကိုက်သွားရတာ လဲ။

"အရက် များသွားလို့များလား ...

ကျွတ် ... ကျွတ်"

လို့ ညည်းတွားလိုက်မိတယ်။

ဒါကို နောက်ကြည့်မှန်က မြင်သွားတဲ့ ဒရိုင်ဘာက...

"ဆရာ ... နေမကောင်းဘူးလား ဆရာ၊

စက်ရုံသွားလို့ ဖြစ်ပါ့မလား၊

အိမ်ပြန် နားလိုက်ပါလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



လို့ စိုးရိမ်စွာ မေးလိုက်တယ်။

"ကျွတ် … ကျွတ် …

ငါ ခေါင်းသိပ်ကိုက်နေပြီ၊

မင်းပြောတာ မှန်တယ်၊

ဒီအတိုင်းဆို … အိမ်ပြန်နားမှဖြစ်မယ်၊

မင်း … မန်နေဂျာကို ဖုန်းဆက်ပြောလိုက်၊

ငါ မလာဖြစ်ဘူးဆိုတာ"

"ဟုတ်ကဲ့ပါ ဆရာ၊ ခုပဲ ဖုန်းဆက်လိုက်ပါ့မယ်"

ဒရိုင်ဘာက ကားကို နောက်ပြန်ကွေ့ရင်း ဖုန်းဆက်ပြောလိုက်တယ်။

ဦးသက်နောင်တစ်ယောက် ခေါင်းကို လက်နဲ့ဖိရင်း တဖြည်းဖြည်း ပိုနာကျင်လာသလို ခံစားနေရတယ်။

"ဟော့ … ဟော့ကောင် … ကားရပ်စမ်း၊

ဆေးဆိုင်ရှေ့ ရပ်လိုက်စမ်း"

ဒရိုင်ဘာကလည်း နီးရာဆေးဆိုင်မှာ ကားထိုးရပ်လိုက်တယ်။



ဦးသက်နောင်ပြောတဲ့အတိုင်း အကိုက်ခဲပျောက်ဆေးနဲ့ ရေတစ်ဗူး ဆင်းဝယ်ပေးလိုက်တယ်။

ဦးသက်နောင်က ဆေးကို အလျင်အမြန်သောက်ပြီး မျက်လုံးမှိတ်အနားယူလိုက်တယ်။

"သက်သာရဲ့လား ဆရာ၊

ကျွန်တော် ဆေးရုံကို မောင်းပေးရမလားဟင်"

ဒရိုင်ဘာရဲ့အမေးကို ဦးသက်နောင်က လက်ကာပြရင်း

"ဆေးရုံသွားဖို့ မလိုဘူး၊

အိမ်ပဲ ရောက်အောင် အမြန်မောင်းကွာ၊

ငါ အိမ်ပြန်နားမှ ဖြစ်တော့မှာ"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

**အိမ်ရောက်တာနဲ့** တစ်ပြိုင်နက် ဦးသက်နောင်ဟာ ထမင်းစားခန်းဘက် ပြေးဝင်သွားတယ်။

"အား ... ဘယ်လိုဖြစ်တာလဲကွ၊ ခေါင်းကိုက်ရုံတင်မကဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဇက်တွေပါ သိပ်လေးနေပြီ၊

ဘုရား ... ဘုရား ... ငါ ...

ဦးနှောက်သွေးကြောများ

အရက်လွန်ပြီး ပြတ်တော့မယ်ထင်တယ်”

သူဟာ ထမင်းစားခန်းရှိ ဘေစင်မှာ မျက်နှာသစ်ချလိုက်တယ်။

ပြီးတော့ ရေစိုသွားတဲ့ ဆံပင်ကို သပ်တင်ရင်း ဘေစင်ရှိမှန်ကို ကြည့်လိုက်မိတယ်။

မှန်ထဲ ရုတ်တရက် မြင်လိုက်ရတဲ့အရာကြောင့် နားထင်သွေးဆောင့်မတတ် ထိတ်လန့်သွားရာတယ်။

သူ့ဇက်ပိုးပေါ် အုပ်စီးခွထိုင်ထားတဲ့ မျက်နှာမှာ ဒဏ်ရာဗလပွနဲ့ သရဲမ။

စူးစူးရဲရဲမျက်လုံးကြီးတွေနဲ့ ကြည့်နေတယ်။

သူ ... အကြီးအကျယ်လန့်ဖျပ်ပြီး “အား” ခနဲ ငယ်သံပါအောင် အော်လိုက်မိတယ်။

“ဆရာ ... ဆရာ ... ဘာဖြစ်တာလဲ ဆရာ”



ထမင်းချက်မိန်းမကြီးက အပြေးရောက်လာရင်း မေးလာတယ်။

ထိတ်လန့်စိတ်ကြောင့် တစ်ကိုယ်လုံး တုန်ယင်နေတဲ့ဦးသက်နောင်က ...

“ကျွန် ... ကျွန်တော့်ဇက်ပိုးပေါ်မှာ ... ဇက်ပေါ်မှာ”

လို့ မျက်လုံးမှိတ်ရင်း ရေရွတ်လိုက်မိတယ်။

ထမင်းချက်မိန်းမကြီးက ၎င်းရဲ့ဇက်ပိုးကို လှမ်းကြည့်ရင်း နားမလည်နိုင်စွာနဲ့ ...

“ဟင် ... ဆရာ့ဇက်ပေါ်မှာ ဘာမှမရှိဘူးလေ ဆရာ၊ ဘာအကောင်မှ မရှိပါဘူး၊ ဆရာ ဘာတွေ့လို့လဲဟင်”

လို့ မေးလာတယ်။

ဦးသက်နောင်ဟာ စိတ်လှုပ်ရှားစွာနဲ့ မျက်လုံးဖွင့်ကြည့်လိုက်တယ်။

ဇက်တွေလေးလံနေပေမယ့် မှန်ထဲမှာ သရဲမ, မရှိတော့ဘူး။

ဒါကြောင့် စိတ်လှုပ်ရှားတဲ့အမူအရာနဲ့ ထမင်းစားခန်း

www.burmeseclassic.com

www.burmeseclassic.com



ထဲက ထွက်ခဲ့တယ်။

"ပွင့်မော် ... ပွင့်မော်ရေ ... ပွင့်မော်"

ထိုအချိန် အပေါ်ထပ် အိပ်ခန်းထဲမှာတော့ မောင်မောင်

တစ်ယောက် အင်္ကျီကြယ်သီးကို ပြန်တပ်နေသလို ... ပွင့်မော်ဦး

ဟာလည်း မျက်လုံးပြူးသွားရင်း ...

"ဟောတော့ ... သူ ... သူ

ပြန်လာပြီ၊

ဘယ်လိုလုပ်မလဲဟင် မောင်"

လို့ အထိတ်တလန့် မေးလိုက်တယ်။

မောင်မောင်က အေးဆေးဟန်နဲ့ ...

"စိတ်သိပ်မလှုပ်ရှားနဲ့ မရယ်၊

မောင် ကြိုတွေးပြီးသားပါ၊

မောင် ဟိုဝရန်တာမှာ ထွက်နေမယ်၊

မ,က ခဏနေရင် ခြံစောင့်ကို ခြံထဲက ပ,လွှတ်ပေး၊

မောင် ဖုန်းဆက်မယ်နော် မ၊ အရမ်းချစ်တယ်ကွာ"

လို့ပြောရင်း သူမ နဖူးပြင်ကို ရွှတ်ခနဲ နမ်းရှိုက်လိုက်

တယ်။

"ဒေါက် ... ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံကြောင့် သူမ ဆတ်ခနဲ တုန်သွားသလို

မောင်မောင်လည်း ဝရန်တာဘက် လစ်ခနဲ ပြေးသွားတယ်။

သူမ ... တံခါးကို အမြန်သွားဖွင့်လိုက်တယ်။

"အား ... ကျွတ် ... ကျွတ် ...၊ ဘာလို့

တံခါးပိတ်ထားတာလဲ ပွင့်မော်ရယ်၊

ကိုယ် ခေါင်းအရမ်းကိုက်လို့ ပြန်လာတာ"

"အို ... အစ်ကို ခေါင်းကိုက်နေတာလား၊

ဖုန်းဆက်ရောပေါ့ အစ်ကိုရယ်၊

လာ ... လာ ... ကျွန်မ အိပ်ရာပေါ် ပို့ပေးမယ်နော်၊

ပြီးရင် ... ဒေါက်တာ့ကို ဖုန်းဆက်ပေးမယ်"

သူမဟာ ဦးသက်နောင်ကို ကူတွဲရင်း အိပ်ရာဆီ ပို့ပေး

လိုက်တယ်။

ပြီးတော့ ... ဆရာဝန်ခေါ်ဖို့အတွက် အိပ်ခန်းထဲက

ထွက်ဖို့ ပြင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်နောင်က သူမရဲ့လက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်တဲ့အတွက် သူမဟာ လန့်ဖျပ်ပြီး "ရှင်" ခနဲ ရေရွတ်လိုက်မိတယ်။

"ကိုယ် ... ကိုယ် ... တစ်ယောက်တည်း

မနေရဲဘူး၊ ပွင့်မော် ... ကိုယ့်ဘေးနားမှာ နေပေးပါကွာ"

၎င်းရဲ့စကားကြောင့် သူမ သက်ပြင်းကို အသာချနိုင်သွားတယ်။

ဘာပဲဖြစ်ဖြစ် ဆရာဝန်သွားပင့်ခိုင်းမှ မောင်မောင် ပြန်လို့ရမှာမဟုတ်ပါလား။

"ကောင်းပါပြီ အစ်ကိုရယ်၊

အောက်ထပ်ကို ဖုန်းဆက်ပြီးပဲ

ဆရာဝန် ခေါ်ခိုင်းလိုက်မယ်နော်၊

ကျွန်မ အစ်ကို့ဘေးမှာပဲ နေပေးမယ်နော်"

သူမ ထိုသို့ဆိုရင်း အောက်ထပ်ရှိ ကြိုးဖုန်းကို လှမ်းခေါ်လိုက်တယ်။

ထမင်းချက်ကြီး ဖုန်းလာကိုင်တဲ့အတွက် ...

"ဒေါ်ကြီးတင် ... ခြံစောင့်ကြီးနဲ့

ဒရိုင်ဘာကို ချက်ချင်း ဆရာဝန်

သွားပင့်ခိုင်းပါ၊ ဒေါ်ကြီးတင်က အစ်ကို့အတွက်

သံပုရာရည် ဖျော်ခဲ့ပါ၊ မြန်မြန်သွားခိုင်းလိုက်ပါ"

လို့ ခိုင်းစေလိုက်တယ်။

"အား ... ကိုက်လိုက်တာကွာ၊

ခေါင်းကို တူနဲ့ထုနေသလိုကြီး ခံနေရတယ်၊

ကိုယ်မခံနိုင်ဘူး ပွင့်မော်ရာ ... ကျွတ် ... ကျွတ်"

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

စည်ဘီယာဆိုင်တစ်ခုရဲ့ ဒေါင်ကျကျနေရာမှာတော့ လူနှစ်ယောက်ဟာ ခွက်ချင်းတိုက်ရင်း ကျေနပ်ဖွယ်ရာ ရယ်မောလိုက်တယ်။

"ဟား ... ဟား ...

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား သိပ်တော်တယ် ဦးကြောင်ကြီးရာ၊
ကျုပ် ညနေကပဲ မ,ဆီကို ဖုန်းဆက်မေးပြီးပြီ၊
သူ့ယောကျ်ား စက်ရုံတောင် မသွားနိုင်ဘူးတဲ့၊
သူကြည့်ရတာ တစ်ခုခုကို သိပ်လန့်နေတယ်လို့လည်း
ပြောတယ်၊ ခေါင်းကိုက်တာများ ဆရာဝန်တောင်
ဆေးမတိုးလို့ အိပ်ရာပေါ်
အော်ဟစ်ညည်းညူနေရသတဲ့ဗျာ၊
ကျုပ်အတွက်တော့ မင်္ဂလာသတင်းပဲဗျို့”

မောင်မောင်က ကျေနပ်စွာ ပြောဆိုရင်း ဘီယာကို စုတ်သောက်လိုက်တယ်။

“အေး ... အဲဒါ အစိမ်းမရဲ့အစွမ်းပဲကွ၊
နေပါဦးကွ ... ဟိုက ခေါင်းကိုက်ရုံလေးနဲ့
မင်းက ဒီလောက် ပျော်နေသလဲကွ ... ဟေ”

အောက်လမ်းဆရာ ကြောင်သူတော်ကြီးရဲ့အမေးကို ၎င်းက နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်တယ်။

“ဦးကြောင်ကြီးကလဲဗျာ ...



သူ ဝေဒနာခံစားနေရတော့ ...
ကျုပ်မိန်းမအနားကို မကပ်နိုင်တော့ဘူးပေါ့ဗျ၊
ဒါ့ကြောင့် ကျုပ် သိပ်ပျော်လို့
ကျေးဇူးရှင်ကြီးကို ဘီယာတိုက်တာပေါ့ဗျ”
“ဟေ ... ဘာပြောလိုက်တယ်၊ မင်းရဲ့မမက
ဘယ်တုန်းက မင်းမိန်းမ ဖြစ်သွားတာလဲကွ၊
ငါ့နားရှင်းအောင် ပြောစမ်းကွာ”
“ဒီလိုဗျ ... မနေ့က မ,ရဲ့အိမ်ကို သွားပြီး
ကျုပ် တွေ့ခဲ့တယ်၊ ကျုပ်တို့
နှစ်တွေအကြာကြီး ချစ်ကြိုက်ကြပေမယ့်
ဘယ်တော့မှ စည်းမကျော်ခဲ့ကြဘူး၊
ဒါပေမဲ့ ... မနေ့က အိပ်ခန်းထဲ
နှစ်ယောက်တည်း တွေ့တဲ့အချိန်မှာ
ကျုပ် ... ကျုပ် ... သူ့ကို အရသိမ်းပိုက်ပစ်လိုက်တယ်၊
ကျုပ် သူ့ကို သိပ်ချစ်တယ် ဦးကြောင်ကြီးရာ၊
လုံးဝ အဆုံးရှုံး မခံနိုင်ဘူးဗျ”

www.burmeseclassic.com

www.burmeseclassic.com



အောက်လမ်းဆရာ ကြောင်သူတော်ကြီးက သူ့ကို ငေး ကြည့်ရင်း ဘီယာကို မော့သောက်ပစ်လိုက်တယ်။

"အေးပေါ့ကွာ ... လူအားလုံးက
ကိုယ့်လိုအပ်ချက်အတွက်
ဦးတည်ချက်ထားနေကြတာပဲ၊
မင်းလည်း မင်းဦးတည်ချက်ကြောင့်ပဲပေါ့၊
မင်း ဘာဆက်လုပ်ဖို့ စဉ်းစားထားလဲကွ"

"ကျုပ်မှာ ဘာမှစဉ်းစားထားတာ မရှိဘူးဗျ၊
အခြေအနေအရ မီးစင်ကြည့်က,နေရတာ၊
ဒါနဲ့ ... ခင်ဗျား ခုနကပြောတဲ့
အစိမ်းမဆိုတာ ဘာလဲ၊ ကျုပ် သိချင်တယ်"

သူ့အမေးကြောင့် ကြောင်သူတော်ကြီး အတန်ကြာ အောင် ငြိမ်သက်သွားတယ်။ ပြီးတဲ့အခါ ...

"ငါဟာ အနယ်နယ်အရပ်ရပ်က
သင်္ချိုင်းတွေမှာ ... ငါ့ရဲ့ပညာရပ်တွေ
အဆင့်မြင့်ဖို့ သွားကျင့်ကြံတဲ့အချိန်



အရမ်းချောင်ကျတဲ့ တောရွာလေးမှာ
အစိမ်းမကို တွေ့ခဲ့ရတယ်၊
အဲဒီရွာလေးကို ငါစ,ရောက်တဲ့ နေ့မှာပဲ
တစ်ရွာလုံး ပွက်လောရိုက်မယ့်
သတင်းဆိုးတစ်ရပ် ကြားခဲ့ရတယ်၊
အဲဒီသတင်းကတော့ မိန်းမပျိုတစ်ဦးဟာ
တောစပ်ဘက်မှာ အဝတ်ဖရိုဖရဲနဲ့
သေဆုံးနေတဲ့ သတင်းပါပဲ၊
ငါလည်း ရွာသားတွေဆီကနေ
အဲဒီမိန်းမပျိုသတင်းကို အမြဲနားစွင့်နေခဲ့တယ်၊
ငါ ပြန်သိရတာက သူမဟာ ...
ယောကျ်ားတစ်ယောက်ရဲ့
အတင်းအဓမ္မပြုခြင်းခံရပြီး မျက်နှာမှာ
ဒဏ်ရာဗရပွနဲ့ သေဆုံးခဲ့ရတယ်၊
သူ့ကို မြေမြှုပ်တဲ့ည ငါ သူ့မြေပုံကို
ပြန်ဖော်ခဲ့တယ်၊ ငါ့ရဲ့ပညာစွမ်းနဲ့ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ဖို့ ကြိုးစားခဲ့တယ်၊

ပြီးတော့ ... ငါဟာ သွေးစွန်းနေတဲ့

သူ့ရဲ့ထဘီစကို ယူခဲ့တယ်၊ ဒါပါပဲကွ"

ကြောင်သူတော်ကြီးရဲ့အပြောကြောင့် စိတ်ဝင်တစားနား ထောင်နေတဲ့ မောင်မောင်က ...

"ဒါဆို ... ကျုပ်ကို စီရင်ပေးလိုက်တဲ့

ပြာမှုန့်တွေကရောဗျ"

လို့ မေးလိုက်တဲ့အခါ ကြောင်သူတော်ကြီးက မဲ့ပြုံးပြုံးလိုက်တယ်။

"အဲဒါက အစိမ်းမရဲ့ အဝတ်စကို

မီးရှို့ထားတဲ့ ပြာမှုန့်တွေကွ၊

သူဟာ ယောကျ်ားတစ်ယောက်ရဲ့

စော်ကားခြင်းခံရပြီး အစိမ်းသေခဲ့တဲ့အတွက်

ယောကျ်ားတွေကို ကောင်းကောင်းပညာပြမှာ

သေချာတယ်၊ ဒါပေမဲ့ ... တစ်ခုရှိတာက၊

ငါစောင့်စားနေတဲ့ ညတစ်ညရှိတယ်ကွ"



မောင်မောင်က မျက်မှောင်ကြုတ်သွားပြီး ...

"ဟင် ... ဘာဖြစ်လို့လဲဗျ"

အောက်လမ်းဆရာကြီး ကြောင်သူတော်က ဘီယာကို မော့သောက်လိုက်ပြီး နံရံကို စူးစိုက်ကြည့်နေတယ်။

"အဲဒါက စုန်းတောက်မယ့်ည ...

လကွယ်ညပဲကွ၊ အဲဒီညမှာ ...

လိုအပ်တဲ့အစီအရင်ကို ထပ်လုပ်မှ

အစိမ်းမရဲ့အစွမ်းဟာ ...

ပိုပြီး တက်လာလိမ့်မယ်"

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၆)

ချောက် . . . ချောက် . . . ချောက်
. . . ချောက် . . .

နံရံကပ်နာရီကြီးရဲ့ လက်တံက ညဆယ့်နှစ်နာရီအချိန်ကို ပြနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်နောင်တစ်ယောက် အိပ်ဆေးအရှိန်ကြောင့် ငြိမ်သက်စွာ အိပ်ပျော်နေသလို ပွင့်မော်ဦးလည်း အိပ်ပျော်နေရှာတယ်။

ဒီအချိန်မှာပဲ ညအိပ်မီး မှိန်မှိန်လေးရဲ့အလင်းရောင်အောက် ဝရန်တာတံခါးကြီးက ကျီ ... ခနဲ ဟသွားတယ်။

အရိပ်မည်းကြီးတစ်ခုဟာ အိပ်ခန်းထဲ တရွေ့ရွေ့လျှောက်လာပြီး ... အိပ်ရာခေါင်းရင်းမှာ ရပ်တန့်သွားတယ်။

ဖျန်း ... ဖျန်း။

အားပြင်းပြင်းနဲ့ ပါးရိုက်ခံလိုက်ရတာကြောင့် ဦးသက်နောင် မျက်လုံးပွင့်သွားတယ်။

"အ ... ဘာလဲ ... ဘာလဲ"

အိပ်ရာထက်က ဝုန်းခနဲထ,ထိုင်ပြီး ရေရွတ်လိုက်သံကြောင့် ပွင့်မော်ဦးပါ နိုးသွားရတယ်။

ဦးသက်နောင်က စားပွဲတင်မီးကို ဖွင့်ရင်း အိပ်ခန်းအနှံ့ မျက်လုံးဝေ့ကြည့်လိုက်တယ်။

"ဘာဖြစ်လို့လဲ အစ်ကို၊ ဘာဖြစ်သွားလို့လဲ"



"ကိုယ် ... ကိုယ် ပါးကို ...

လာ ... လာရိုက်သွားတယ်၊

ဘာလဲ ... အဲဒါ ဘာလဲ၊

ဘာတွေဖြစ်နေတာလဲ"

ဦးသက်နောင်ဟာ ထိတ်လန့်တကြီး ရေရွတ်လိုက်တဲ့အတွက် ပွင့်မော်ဦး အံ့အားသင့်သွားမိတယ်။

"ဘယ်လို ... ပါးရိုက်ခံရတယ် ...

ဟုတ်လားဟင်၊ အခန်းထဲမှာ

ဘယ်သူမှမရှိပါဘူး အစ်ကိုရဲ့၊

အစ်ကို အိပ်မက်မက်နေတာများလား"

ဦးသက်နောင်က ခေါင်းကို သွက်သွက်ခါအောင် ရမ်းလိုက်ပြီး ...

"မဟုတ်ဘူး ပွင့်မော်၊

ကိုယ် ဒီရက်ပိုင်း ...

တစ္ဆေခြောက်ခံရသလို ဖြစ်နေတာ

အိပ်မက်တွေလည်း မကောင်းဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ... ပြီးတော့ ...

အဲဒီဟာက တစ္ဆေမ ...

မျက်နှာမှာ ဒဏ်ရာကြီးတွေနဲ့ ...

သိပ်ကြောက်ဖို့ကောင်းတယ်၊

တစ်နေ့ကလည်း မှန်ထဲမှာ

ကိုယ့်ရဲ့ကုပ်ပေါ်ခွဆီးထားတာ မြင်ရတယ်၊

သိပ်ကြောက်ဖို့ကောင်းတယ်၊

သိပ်ကြောက်ဖို့ ကောင်းတယ်"

ဦးသက်နောင်ရဲ့ ကြောက်ရွံ့တကြီးပြောတဲ့ စကားတွေကြောင့် သူမဟာ မသိမသာ သက်ပြင်းရှိုက်လိုက်မိတယ်။

ဦးသက်နောင် ဒီလိုဖြစ်နေခြင်းဟာ မောင်မောင်ပေးတဲ့ ပြာမှုန့်လို အမှုန့်တွေကြောင့်ပဲ ဖြစ်ရမယ်။

သူမ မောင်မောင့်ကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ သူခိုင်းတာ လုပ်ခဲ့မိပြီ မဟုတ်ပါလား။

"ကဲပါ အစ်ကိုရယ် ...

အစ်ကို အရမ်းစိတ်ပင်ပန်းနေပြီ၊



ရော့ ... ရေအေးလေး သောက်လိုက်ပါနော်"

သူမ ... ရေတစ်ခွက်ငှဲ့ပေးရင်း ဦးသက်နောင် စိတ်သက်သာရာရဖို့ ပြောလိုက်တယ်။

ဦးသက်နောင်ကလည်း သူမစကားကို မငြင်းဆိုဘဲ ရေကို မော့သောက်လိုက်တယ်။

ထိုညတစ်ညလုံး ဦးသက်နောင် အိပ်ပျော်သွားသည့်တိုင် သူမ အိပ်မရဘူး။

မောင်မောင့်အကြောင်း၊ ချို့တဲ့လွန်းခဲ့တဲ့ သူမရဲ့မိသားစုနောက်ကြောင်း၊ နောက်ဆုံး ဦးသက်နောင်ရဲ့အကြောင်းတွေကပါ ခေါင်းထဲဝင်လာတယ်။

ငွေကြေးပြည့်စုံတဲ့ TN အထည်ချုပ်စက်ရုံပိုင်ရှင်ကြီးကမှ လို စက်ချုပ်သမကို ဘာကြောင့်များ ရွေးချယ်ခဲ့ပါလိမ့်။

လက်ထပ်ပြီးတဲ့ နောက်ပိုင်းလည်း သူမကို လိုလေသေးမရှိအောင် ဂရုစိုက်ခဲ့တယ်။

ဦးသက်နောင်အပေါ် ချစ်ခင်လို့မရတဲ့စိတ် ...။

အဖေနဲ့မောင်တွေအတွက် ရပ်တည်ပေးချင်ခဲ့တဲ့စိတ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင့်ကို ခုချိန်ထိ စွဲလမ်းတွယ်တာမိတဲ့စိတ်။

သူမ တစ်ယောက်တည်းနဲ့ စိတ်များစွာ ဖြစ်နေခြင်းဟာ ကျန်လူတွေအတွက် ... အဓိက ဦးသက်နောင်အပေါ် သူမဟာ တရားမျှတမှုများ ရှိပါ့မလား။

သူမ ... ဘာလုပ်ရမလဲ။

ဘယ်လမ်းရွေးချယ်ရမလဲ ... ဆုံးဖြတ်ချက်တစ်ခု ချ ပေတော့မည်။

□□□

# အပိုင်း (၁၇)

www.burmeseclassic.com

www.burmeseclassic.com

"ပွင့်မော် ... ကိုယ် ...
ဒီနေ့ စက်ရုံသွားမှဖြစ်မယ်၊
အိတ်စပို့စ်ကိစ္စ အရေးကြီးတယ်၊
ကိုယ်မရှိလို့ မရဘူးလေ"



ဦးသက်နောင်က သူမကို လှမ်းပြောရင်း အကျီလဲလိုက်တယ်။

"ဖြစ်ပါ့မလား အစ်ကို၊ အစ်ကို ခေါင်းကိုက်တာက ...

မသက်သာသေးဘူးလေ၊

နားနေလိုက်ပါလား အစ်ကိုရယ်"

"ဒီနေ့ သက်သာနေတယ် ပွင့်မော်ရဲ့၊

ကိုယ့်အတွက် ဘာမှစိတ်မပူနဲ့၊ သဘော်တင်ရမယ့်

အထည်တွေက ကိုယ်ရှိမှဖြစ်မှာလေ၊

အင်း ... ပွင့်မော်ကလေ ...

သိပ်ကိုယ့်ကို စိုးရိမ်တတ်တာပဲ၊

ကိုယ် မိန်းမရ ကံကောင်းတယ်နော်၊

ကျေးဇူးပဲ ပွင့်မော်ရယ်"

ဦးသက်နောင်က ထိုသို့ပြောရင်း သူမရဲ့နဖူးပြင်လေးကို ရွှတ်ခနဲ နမ်းရှုပ်လိုက်တယ်။ ပြီးတော့ နှုတ်ဆက်စကားဆိုရင်း ထွက်သွားတော့တယ်။

"ဩော် ... အစ်ကိုရယ် ...

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့ရဲ့မေတ္တာတွေ၊ ရိုးသားမှုတွေကြောင့်

ကျွန်မအတွက် လိပ်ပြာမလုံသလို

ခံစားနေရပြီ၊ ကျွန်မ ဘာလုပ်ရမလဲ အစ်ကိုရယ်”

ထိုအချိန် ဒရိုင်ဘာမပါဘဲ ကားမောင်းထွက်ခဲ့တဲ့ ဦးသက်နောင်ဟာ ကားမောင်းရင်း ဖုန်းရဲ့တက်ရှ်ကို ဆွဲလိုက်တယ်။

“ဟဲလို … ရန်နိုင်လား၊

အေး … ငါ သက်နောင်ပါကွ၊

ဟိုနေ့က တွေ့တဲ့ဆိုင်မှာ ငါစောင့်နေမယ်၊

မင်းလာခဲ့ကွာ၊ အခု … အေး … အေး”

ဦးသက်နောင်ဟာ သူငယ်ချင်းဖြစ်သူကို ဖုန်းဆက်ပြီး စားသောက်ဆိုင်ဘက် မောင်းသွားလိုက်တယ်။

စားသောက်ဆိုင်ရောက်တော့ အရက်နဲ့အမြည်းမှာရင်း ရန်နိုင်ကို စောင့်နေလိုက်မိတယ်။

ဆယ်မိနစ်လောက်ကြာတော့ ရန်နိုင်ရောက်လာတယ်။

“ဘာတွေအရေးကြီးလဲ သက်နောင်ရာ၊



ငါဖြင့် စိတ်ကို ပူသွားတာပဲကွာ၊

ပြော … ဘာဖြစ်လဲကွ”

ဒီအချိန်မှာပဲ အရက်နဲ့စားသောက်ဖွယ်ရာတွေ ရောက်လာတယ်။

ရန်နိုင်က အရက်နှစ်ခွက် ငှဲ့ပေးတယ်။

သူက ရန်နိုင်လှမ်းပေးတဲ့ အရက်ကို ဆွဲပြီး မော့သောက်ပစ်လိုက်တယ်။

“ငါ့ကို နှောင့်ယှက်နေတဲ့ တစ္ဆေမ …

အရမ်းလွန်လာနေပြီကွ၊ တစ်နေ့ညက သန်းခေါင်ချိန်

ငါ အိပ်နေတုန်း … ငါ့ပါးကို ဖျန်းခနဲ

နှစ်ချက်ဆင့်ရိုက်သွားတယ်၊

ငါ အရမ်းစိတ်ပျက်မိသလို၊

ကြောက်လည်း ကြောက်နေပြီကွ”

အရက်ကို တစ်ငုံမျှသောက်နေတဲ့ ရန်နိုင်ဟာ သူ့စကားကြောင့် သီးမတတ်ဖြစ်သွားရှာတယ်။

“ဘယ်လို … တစ္ဆေမက မင်းကို ပါးရိုက်တယ်”

www.burmeseclassic.com

www.burmeseclassic.com



ဟာ ... အထူးအဆန်းပါလားကွ၊

ဒါ့ကြောင့် ... ငါမေးခဲ့ဖူးတာပေါ့၊

အတိတ်မှာ မင်းပတ်သတ်ခဲ့တဲ့

မိန်းကလေးများ ရှိခဲ့သလားလို့"

"ဒီမယ် ရန်နိုင် ... မင်းနဲ့ငါက ...

ငယ်သူငယ်ချင်းတွေပါကွ၊

ငါ မိန်းမကိစ္စ ဘယ်လောက်ကင်းသလဲ

မင်း အသိဘဲ၊ ဘာအမှားမျိုးမှ ...

ငါ့ဘဝမှာ မလုပ်ခဲ့ဘူးကွ"

ဦးသက်နောင်ရဲ့စကားကြောင့် ဦးရန်နိုင်တစ်ယောက် အများကြီး စဉ်းစားသွားရတယ်။

"မင်းပြောတာလည်း ဟုတ်တာပဲကွ၊

ဒါဆို ... ထူးခြားမှုတစ်ခုခုရှိနေတာ

သေချာပြီ၊ မင်းကို တစ်စုံတစ်ယောက်ကလုပ်ကြံတာပဲ

ဖြစ်ရမယ်ကွ"

သူငယ်ချင်းဖြစ်သူရဲ့အပြောကြောင့် ဦးသက်နောင်



မျက်မှောင်ကြုတ်သွားတယ်။

"ဘာကွ ... ငါ့ကို လုပ်ကြံရအောင်

ငါ့ဘဝမှာရော, ငါ့အလုပ်မှာပါ ရန်သူမရှိဘူးကွ၊

ဒါမဖြစ်နိုင်ဘူးကွာ"

ဦးရန်နိုင်က ပုစွန်ထုပ်ကင်ကို ကိုက်ဝါးလိုက်ပြီး ...

"ရန်သူဆိုတာ လူမြင်ပါဘူးကွ၊

မင်းကို လက်နက်ပုန်းနဲ့ ချောင်းခိုတိုက်ချင်တဲ့လူရှိနေပြီ၊

မင်း ... အပြုစားခံနေရပြီ ဟော့ကောင်"

"ဘာ ... အပြုစားခံရတယ် ဟုတ်လား၊

ဒီဘက်ခေတ်မှာ ဒါတွေမရှိဘူးကွ၊

ယုံလည်း မယုံဘူးကွာ၊ မဖြစ်နိုင်ဘူး ရန်နိုင်"

ဦးသက်နောင် ထိုသို့ငြင်းဆန်ရင်း အရက်နောက်တစ် ခွက်ကို သောက်ချပစ်လိုက်တယ်။

"ဒီပညာရပ်တွေက ဘယ်ဘက်ခေတ်ပဲဖြစ်ဖြစ်

တကယ်ရှိတယ်ကွ၊ လောကမှာ ...

အကောင်းနဲ့အဆိုး ဒွန်းတွဲနေတာပဲကွာ၊

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့အစီအရင်ရှိသလို ...

မကောင်းတဲ့အစီအရင်လည်း ရှိတယ်ကွ၊

ဒါက ငါပြောတာ မဟုတ်ဘူး၊

လောကကြီးရဲ့ အမှန်တရားပဲကွ၊

ဘာပဲဖြစ်ဖြစ် မင်းအနေနဲ့ အရုံအတားလေးတော့

လုပ်သင့်နေပြီ သက်နောင်"

"ဘာကြီးလဲကွ ... မင်းစကားက၊

ငါ နားမလည်ဘူး"

"အရုံအတားဆိုတာ မင်းကို

မကောင်းဆိုးဝါးမကပ်နိုင်မယ့် ...

အဆောင်ကိုပြောတာ၊ ဒီနေရာမှာ ...

ဘုန်းတော်ကြီးတွေပဲ စွမ်းတာကွ၊

မင်းကို ငါ့မိဘတွေ ကိုးကွယ်တဲ့

ဆရာတော်ကြီးနဲ့ တွေ့ပေးမှဖြစ်တော့မယ်၊

မင်း လက်ခံလား"

ဦးရန်နိုင်ရဲ့စကားကြောင့် ဦးသက်နောင် တွေဝေသွားရ



တယ်။ အတန်ကြာမှ သက်ပြင်းချရင်း ...

"အေးကွာ ... သူငယ်ချင်း ...

မင်း ... ကောင်းသလို လုပ်ပေးပါ၊

ငါ တစ္ဆေမကြောင့် ကြောက်လန့်ပြီး မသေချင်ဘူး၊

ငါက ငါ့မိန်းမကို သိပ်မြတ်နိုးတာကွ၊

ငါ သူနဲ့ အကွဲမခံနိုင်ဘူး၊ လုပ်ကွာ ... ငါလိုက်ခဲ့မယ်"

လို့ ပြောလိုက်တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၈)

ရေချိန်ကိုက်နေတဲ့ ဦးသက်နောင်တစ်ယောက် သူငယ်ချင်းနဲ့ လမ်းခွဲပြီး ကားကို စက်ရုံဘက် ဦးတည်မောင်းလိုက်တယ်။

ကားကက်ဆက်မှ ထွက်နေတဲ့ တရုတ်သီချင်းသံနဲ့

www.burmeseclassic.com

www.burmeseclassic.com



အတူ ကားကို ပုံမှန်ပဲ မောင်းနှင်ခဲ့မိတယ်။

သူဟာ ကားကို ဂရုစိုက်မောင်းနေရာက ဘေးမှာ လူရှိသလိုကြီး ခံစားလိုက်ရတယ်။

ဒါပေမဲ့ ... သူ လှည့်မကြည့်ရဲဘူး။

ဘေးမှာ တစ်ယောက်ယောက်ရှိနေသလို ခံစားချက်ကြောင့် တစ်ကိုယ်လုံး ကြက်သီးဖျန်းဖျန်းထသွားမိတယ်။

ဒီအချိန်မှာပဲ လက်မောင်းဆီ အေးစက်စက် အထိအတွေ့ကြီး ခံစားလိုက်ရတယ်။

မျက်လုံးကို အသာစွေပြီး ကြည့်လိုက်တဲ့အခါ ...

အမယ်လေး ... အရိုးပြိုင်းပြိုင်းထနေတဲ့ ကြောက်မက်ဖွယ်လက်ကြီး။

ဦးသက်နောင်ဟာ ကြောက်စိတ် ယပ်ထိပ်ရောက်သွားပြီး "အား"...ခနဲ အသံကုန် အော်လိုက်မိတယ်။

စီယာတိုင်ကို ယောင်ယမ်းဆွဲလှည့်မိတဲ့အတွက် ကားကလမ်းဘေးထိုးကျသွားတယ်။

"ဒုန်း" ... ခနဲ အသံကြီးက ထိုပတ်ဝန်းကျင်မှာ ကျယ်လောင်စွာ ထွက်ပေါ်သွားတယ်။



ပတ်ဝန်းကျင်တစ်ခုလုံး ...

"ဟာ ... ကားတိုက်ပြီးဟေ့ ... ကားတိုက်ပြီ"

ဆိုတဲ့ အသံတွေ ညံညံစီသွားသလို လူတွေစုပြုံရောက်ရှိလာကြတယ်။

ခဏချင်းဆိုသလို တိုက်နေရာကို ယာဉ်ထိန်းရဲတွေ ရောက်လာတယ်။

အော်တိုလော့ကျတဲ့ ကားဖြစ်နေတာကြောင့် သူတို့ဟာ လေအိတ်ပိပြီး ငြိမ်သက်နေတဲ့ ဦးသက်နောင်ကို ကယ်တင်ဖို့အတွက် မှန်ကို ရိုက်ခွဲလိုက်ကြတယ်။

ယာဉ်ထိန်းရဲတွေက ကားထဲမှာတွေ့တဲ့ စက်ရုံရဲ့ဖုန်းနံပါတ်ကို ဖုန်းဆက်အကြောင်းကြားကြတယ်။

"သူ မသေသေးဘူးကွ၊ အသက်ရှင်နေသေးတယ်၊

သူ့ကို ဆေးရုံအမြန်ပို့ရမယ်ကွ"

ဒီအချိန်မှာပဲ ဆေးရုံကားရောက်လာတဲ့အတွက် သူ့ကို ဆေးရုံကားပေါ် တင်လိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ဦးသက်နောင်ရဲ့နေအိမ်မှာတော့ ...

"ဆရာကတော် ... ဆရာကတော်"

ထမင်းချက်မိန်းမကြီးရဲ့အော်သံကြောင့် ပွင့်မော်ဦးဟာ မီးပူတိုက်နေရာက ရပ်တန့်သွားတယ်။

"ဘာဖြစ်တာလဲ ... ဘာလို့ ဒီလောက်

အော်နေရတာလဲ"

ထမင်းချက်မိန်းမကြီးက အထိတ်တလန့်နဲ့ ...

"ဆရာ ... ဆရာ ... ကားမှောက်လို့၊ ဆေးရုံရောက်နေပြီ၊

ယာဉ်ထိန်းရဲဌာနက ဖုန်းဆက်တယ်"

၎င်းရဲ့စကားကြောင့် ပွင့်မော်ဦးဟာ မျက်လုံးပြူးသွား မိရင်း ... "ဘာ" ခနဲ ရေရွတ်သံနဲ့အတူ မီးပူကြီးပါ ကြမ်းပေါ် ဒုန်းခနဲ လွှတ်ကျသွားတယ်။

သူမဟာ ဆောက်တည်ရာမဲ့ဟန်နဲ့ အောက်ထပ်ပြေး ဆင်းသွားရင်း ဒရိုင်ဘာကို အသံကုန်ခေါ်လိုက်တယ်။

ပြီးတော့ ဒရိုင်ဘာနဲ့အတူ ကားကို ဆေးရုံဘက် မောင်း ခိုင်းလိုက်တော့တယ်။



ဆေးရုံရောက်တဲ့အခါ အိပ်ရာပေါ် မေ့မြောနေတဲ့ ဦးသက်နောင်ကို တွေ့လိုက်ရတယ်။

"အစ်ကိုရယ် ... ဖြစ်ရလေ အစ်ကိုရယ်၊

ကျွန်မ ရောက်လာပြီလေ အစ်ကိုရဲ့၊

အစ်ကို ... အစ်ကို"

ပွင့်မော်ဦးဟာ ဦးသက်နောင်ကို စိုးရိမ်စိတ်နဲ့ လက်ကို ဆုပ်ကိုင်ရင်း ရေရွတ်လိုက်တယ်။

ဒီအချိန်မှာပဲ ဦးသက်နောင်တစ်ယောက် သတိပြန်လည် လာတယ်။

"အား ... ကျွတ် ... ကျွတ် ...

ဟင် ... ပွင့်မော် ... ကိုယ် ဘယ်ရောက်နေတာလဲဟင်"

သူမ ဝမ်းသာအားရဖြစ်သွားပြီး ...

"အစ်ကို ... အစ်ကို သတိရပြီနော်၊

အစ်ကို အက်စီးဒင့်ဖြစ်ပြီး

ဆေးရုံရောက်နေတာ အစ်ကိုရဲ့၊

စိတ်ပူလိုက်ရတာ အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ မျက်ရည်ဝေ့အပြုံးနဲ့ ပြောလိုက်မိတယ်။

သူမ စကားကြောင့် ဦးသက်နောင်ဟာ ကားပေါ်က ကိစ္စကို အမှတ်ရသွားတယ်။

သူ့ရဲ့လက်မောင်းကို ဆုပ်ကိုင်ခဲ့တဲ့ အရိုးပြိုင်းပြိုင်းထနေတဲ့ လက်ကြီး။

သူ့စိတ်ထဲ ဝင်သွားတဲ့ အတွေးနဲ့အတူ ...

"ပွင့်မော် ... ကိုယ့်ဖုန်းရော၊

ကိုယ် ဖုန်းဆက်ချင်တယ်"

ယောကျ်ားဖြစ်သူရဲ့စကားကြောင့် ပွင့်မော်ဦးဟာ အံ့အားသင့်သွားပြီး ...

"အစ်ကိုဖုန်းတော့ မတွေ့ရဘူး၊

ဖုန်းဆက်ချင်ရင် ကျွန်မဖုန်းနဲ့

ဆက်လေ အစ်ကို၊ ရော့ ... ဒီမှာ"

ဦးသက်နောင်က နံပါတ်တစ်ခုကို အလျင်အမြန် နှိပ်လိုက်ပြီး ...

"ဟဲလို ... ရန်နိုင် ... ငါ ... ဒုက္ခရောက်နေပြီ၊



အခု ငါ ... ဆေးရုံပေါ်ရောက်နေတယ်၊

မင်းပြောတာကို အမြန်လုပ်ပြီး လာခဲ့ပါ၊

အမြန်လာနော် ပေ့ကောင်"

ဦးသက်နောင်ရဲ့ဖုန်းဆက်သံကြောင့် သူမ အံ့အားသင့်သွားရတယ်။

"ဘယ်သူ့ကို ဖုန်းဆက်နေတာလဲ အစ်ကို၊

ဘာဖြစ်လို့လဲဟင်"

ဦးသက်နောင်က သူမကို စူးစိုက်ကြည့်လိုက်တယ်။

"ကိုယ့်သူငယ်ချင်းပါ ပွင့်မော်၊

အရေးကြီးကိစ္စရှိလို့ပါ"

ဒီအချိန်မှာပဲ ဆရာဝန်ကြီးရောက်လာတယ်။

"သတိရပြီပေါ့ ကိုသက်နောင်၊

ခင်ဗျားရဲ့ဘေးမှာ လေအိတ်တွေ ပွင့်တာ

သိပ်ကံကောင်းသွားတယ်၊ ခင်ဗျားကားက

ခတ်တိုင်ကို ဝင်တိုက်မိတာလေ၊

လေအိတ်သာ မပွင့်ရင် ခင်ဗျားအတွက်

www.burmeseclassic.com

www.burmeseclassic.com



မလွယ်ဘူးဗျ”

ဆရာဝန်ကြီးက ထိုသို့ပြောရင်း သူ့ကို စမ်းသပ်ကြည့်ရှုတယ်။

“အားလုံး အိုကေပဲဗျာ၊ ခင်ဗျား အကြောက်လွန်ပြီး
သတိလစ်သွားတာပါ၊ ဆေးရုံက ဆင်းချင်
ဆင်းလို့ရပါပြီ”

“ကျေးဇူးပါ ဆရာ၊ ကျွန်တော် ... ဒီနေ့ပဲ ဆင်းမှာပါ”

ထိုအချိန်မှာပဲ အခန်းထဲကို ဦးရန်နိုင် ရောက်လာတယ်။
ဆရာဝန်ကြီး ပြန်ထွက်သွားတဲ့အခါ ...

“ထိုင် ... ရန်နိုင်၊ ငါ အက်ဆီးဒင့်
ဘာကြောင့်ဖြစ်သလဲ မင်း သိလား၊
ဟိုတစ္ဆေမကြောင့်ပဲကွ၊ ကားမောင်းနေတုန်း
ငါ့လက်ကို အကိုင်ခံလိုက်ရတယ်၊
ငါလည်း လန့်ပြီး ကြည့်လိုက်တော့ ...
အရိုင်းပြိုင်းပြိုင်းထနေတဲ့ လက်ကြီး
တွေ့ရတယ်၊ ငါ အရမ်းကြောက်ပြီး



စီယာတိုင်ကို ဆွဲလှည့်လိုက်မိတယ်ကွ၊
ဒီတစ္ဆေမဟာ ဘာကြောင့်မှန်းမသိဘဲ
ငါ့ကို သေအောင်သတ်ချင်နေတယ်”

ဦးရန်နိုင်က သူ့စကားကြောင့် သူ့လက်အစုံကို ဆုပ်ကိုင်လိုက်တယ်။

“မင်း ဘာမှ စိတ်မပူနဲ့တော့ကွာ၊
ငါ ဆရာတော်ဘုရားကြီးဆီက
ခုပဲ ပြန်လာတာ၊ သူက မင်းအတွက် ....
အဆောင်ကြိုး ပေးလိုက်တယ်၊
ဟောဒီအဆောင်ကို မင်းရဲ့လည်ပင်းမှာ
ဆွဲထားရမယ်ကွ”

ဦးရန်နိုင်ဟာ ထိုသို့ပြောပြီး အဝါရောင်အဆောင်ကြိုးကို ဦးသက်နောင်ရဲ့လက်ထဲ ထည့်လိုက်တော့တယ်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၉)

**ကန်တော်ကြီးအတွင်း၌** ရေစပ်တစ်နေရာဝယ်...

"ဦးသက်နောင်ကို လုပ်နေတာတွေ
ရပ်လိုက်ပါတော့ မောင်မောင်"

နှစ်ဦးသားချိန်းတွေ့စဥ်ဝယ် ပွင့်မော်ဦးထံမှ ကြားရတဲ့

www.burmeseclassic.com

www.burmeseclassic.com



စကားကြောင့် မောင်မောင် အံ့အားသင့်သွားတယ်။

"ဘာ ... ဘယ်လိုပြောလိုက်တာလဲ မ၊
မောင်တို့နှစ်ယောက် နီးစပ်ဖို့အတွက်
လုပ်တာလေ၊ မ,က ဘာဖြစ်သွားတာလဲဗျ"

မောင်မောင်က သူမရဲ့ပခုံးကို လှုပ်ယမ်းပြီး မေးလိုက်တယ်။

ပွင့်မော်ဦးဟာ ရေပြင်ဆီ ငေးကြည့်ရင်း ...

"သူစားမယ့် အစားတွေမှာ ထည့်ခိုင်းတာ
ဘာအမှုန့်တွေလဲ မောင်မောင်၊
မ သိချင်တယ်"

မောင်မောင်က သူမရဲ့မျက်နှာကို စေ့စေ့ကြည့်လိုက်တယ်။

"သိပ်သိချင်ရင် ပြောပြမယ်၊ အဲဒါ မောင့်ရဲ့ဆရာကြီး
စီရင်ထားတဲ့ ပြာမှုန့်တွေပဲ၊ အစိမ်းသေမရဲ့
အဝတ်အစားကို မီးရှို့ထားတဲ့ ပြာတွေ"

ကြားရတဲ့စကားကြောင့် သူမ အကြီးအကျယ် ထိတ်



လန့်သွားတယ်။

မောင်မောင်ရဲ့မျက်နှာကို ရွံရှာစက်ဆုပ်စွာ ကြည့်လိုက်ရင်း ...

"အောက်တန်းကျလှချည်လား မောင်မောင်၊
မင်းက ငါ့ကို ပိုင်ဆိုင်ဖို့အတွက်
အောက်လမ်းနည်းနဲ့ လူတစ်ယောက်ကို
သေအောင်သတ်ချင်နေတာပဲ"

"ဟုတ်တယ်၊ ကျုပ် အချစ်အတွက်
လုပ်တယ် ... ဘာဖြစ်လဲ၊ နေပါဦး မ,ရဲ့၊
မ,လည်း မချစ်တဲ့လူနဲ့ မပေါင်းချင်ဘူး မဟုတ်လား၊
ခုမှ ဘာဖြစ်သွားရတာလဲ၊ ကျုပ်တို့နှစ်ယောက်က ...
အရမ်းချစ်တဲ့ သူတွေလေ၊
အတူနေပြီးတဲ့ ချစ်သူတွေလေဗျာ"

ပွင့်မော်ဦးက ပခုံးကို ဆုပ်ကိုင်ထားတဲ့ မောင်မောင့်ရဲ့လက်က ရုန်းထွက်လိုက်တယ်။

"ဟုတ်တယ် မောင်မောင်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းကို ချစ်မိတဲ့အတွက် ... ချစ်စိတ်ကြောင့်
ဦးသက်နောင်အပေါ် ငါ အပြစ်လုပ်ခဲ့မိတယ်၊
ဒါပေမဲ့ ... ရှေ့ဆက်ပြီး ငါ မလုပ်နိုင်တော့ဘူး၊
သူစားမယ့်အစာထဲ ပြာမှုန့်တွေ
လုံးဝမထည့်တော့ဘူး၊
ယောကျ်ားဖြစ်ပြီး ယုတ်ညံ့တဲ့
အစီအရင်လုပ်တဲ့လူထက်စာရင် ...
ငါ ဦးသက်နောင်နဲ့ နေရတာက
ပိုပြီး လိပ်ပြာသန့်တယ်၊
ဒီတော့ ... မင်း ငါ့ကို မေ့ပစ်လိုက်တော့၊
ငါတို့ ဇာတ်လမ်းပြီးသွားပြီ ... ဒါပဲ"

ပွင့်မော်ဦးဟာ ထိုသို့ပြောရင်း ချာခနဲ လှည့်ထွက်လိုက်တယ်။

ဒီအချိန်မှာပဲ မောင်မောင်ဆီက ခြောက်ကပ်ကပ် ရယ်သံကြားလိုက်ရတယ်။

"ဟား ဟား ဟား ဟား ... မင်း ရူးသွားပြီ ပွင့်မော်ဦး၊



မောင်မောင်ဆိုတဲ့ကောင်က ... ခင်ဗျားကြီးကို
ရအောင်ယူမှာဗျ၊ ခင်ဗျား ဘာပြောပြော ကျုပ်
ဂရုမစိုက်ဘူး၊ ဒီမယ် ... ခင်ဗျား မှတ်ထားလိုက်စမ်း၊
ကျုပ် ... ခင်ဗျားလင်ကို ခင်ဗျားကြီး
ဆောက ရအောင်ဖယ်ပြမယ်၊ အစီအရင်နဲ့ မရရင် ...
ကျုပ်ကိုယ်တိုင် ဒင်းကို ရှေ့ပြည်ပို့ပစ်မယ်၊
ခင်ဗျားမှာ ဘာမှလုပ်ပိုင်ခွင့်မရှိဘူး၊ အေး ...
မှတ်သွားလိုက်၊ ခင်ဗျားလင်ကြီးရဲ့အသက်ဟာ ...
လာမယ့် လကွယ်နေ့မှာ အဆုံးသတ်ပြီဗျ ...
ဟား ဟား ဟား ဟား ဟား"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၀)

" ကျုပ်က . . . မကျေနပ်ဘူးဗျာ၊

ခင်ဗျား စဉ်းစားကြည့်လေ ... ကျုပ်တို့

အကြာကြီး ချစ်ကြိုက်ခဲ့ကြတာ ...

ဘာလို့ ... ပွင့်မော်ဦး စိတ်ပြောင်းသွားရတာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က သူ့လင်ကို ဆေးခပ်တယ်၊

သူ့လင်က ဘယ်လိုဆေးမျိုးနဲ့ ခပ်လိုက်လို့

လင်ဘက် ပါသွားရတာလဲ၊

ကျုပ်ခိုင်းတဲ့အတိုင်း မလုပ်နိုင်ဘူးတဲ့ဗျာ၊

လုံးဝမကျေနပ်ဘူး ... တောက်"

မောင်မောင်တစ်ယောက် အိမ်ထရံကို ထုနက်ရင်း ပေါက်ကွဲနေတဲ့အတွက် အောက်လမ်းဆရာကြောင်သူတော်ဟာ သက်ပြင်းချလိုက်မိတယ်။

"ငါလည်း ဒီကိစ္စပြောချင်နေတာ ... အခု

မင်းရောက်လာတဲ့အတွက် အဆင်ပြေသွားတာပေါ့၊

မနက်ဖြန်ဆို လကွယ်နေ့ရောက်ပြီကွ၊

အစိမ်းသရဲမ ငါ့ဆီရောက်လာတယ်၊

သူ ဘယ်လိုမှ ဦးသက်နောင်ရဲ့အနား

ကပ်လို့မရဘူးလို့ ပြောနေတယ်၊

ဦးသက်နောင်မှာ အဆောင်ရှိသွားပြီ

မောင်မောင်၊ ငါတို့ အစိမ်းသရဲမရဲ့ပြာမှုန့်ဟာ



သူ့ကို မတိုးတော့ဘူး၊ မင်း ဘာဆက်လုပ်မလဲကွ"

"အဆောင် ... ဟုတ်လား၊ ဖြစ်နိုင်ပါ့မလား

ဦးကြောင်ရာ၊ သူ့လို ခေတ်ပညာတတ်သူဌေးကြီးက

ဒါတွေ ယုံပါ့မလားဗျ၊ ကျုပ်အထင်ပြောရရင်

ပွင့်မော်ဦးဟာ ကျုပ်ပြောတဲ့အတိုင်း

ဆေးမခပ်တော့လို့ပဲ ဖြစ်ရမယ်၊

ကျုပ် ဘာဆက်လုပ်ရမလဲ ဦးကြောင်ကြီး၊

အကြံပေးပါဦးဗျာ"

သူ့စကားကြောင့် ဦးကြောင်သူတော် တွေခနဲဖြစ်သွားတယ်။ စီးကရက်ကို မီးညှိဖွာရှိုက်ရင်း မျက်လုံးမှိတ်ပြီး အတန်ကြာအောင် ငြိမ်သက်နေတယ်။

"အချိန်က တစ်ရက်ပဲရှိတယ် မောင်မောင်၊

ငါ့အာရုံထဲမှာ ဦးသက်နောင်ဆီမှာ

အဆောင်ရှိနေတယ်လို့ပဲ ခံစားရတယ်၊

ကိုယ်နဲ့မကွာ ရှိနေလိမ့်မယ်ကွ၊

ဒီတော့ ... အဲဒီအဆောင်ကို သူ့ရဲ့ကိုယ်က

www.burmeseclassic.com

www.burmeseclassic.com



ကွာသွားအောင် မင်းလုပ်ရမယ်၊

ဘာမှပြောမနေနဲ့တော့ကွ၊ မင်းမှာ အခွင့်အရေး မရှိဘူး၊

အချိန်လည်း မရှိဘူး၊

အမြန်သွားပြီး ကြိုးစားကြည့်ကွာ"

မောင်မောင်က သက်ပြင်းချလိုက်ရင်း ...

"ကြိုးစားကြည့်မယ်ဗျာ"

လို့ပြောပြီး အောက်လမ်းဆရာကြောင်သူတော်အိမ်က ထွက်ခဲ့တော့တယ်။

သူဟာ တစ်လမ်းလုံး အဆောင်ရဖို့ တွေးနေမိတယ်။ လမ်းဘေးဖုန်းဆိုင်လေးကို မြင်တဲ့အခါ စိတ်ကူးပေါ် သွားပြီး ဆိုင်ထဲဝင်လိုက်တယ်။

"ဟဲလို ... ပွင့်မော်ဦးနဲ့ တွေ့ချင်လို့ပါခင်ဗျာ၊

ကျွန်တော် သူ့မောင်လေးပါ"

"ဩော် ... ဟုတ်ကဲ့ပါ၊ ဒါဆို အစ်မတို့

ဘယ်သွားတာလဲဗျ၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ...

ကျေးဇူးပါ ခင်ဗျ"



သူ ဖုန်းခွက်ကို ပြန်ချရင်း အံကြိတ်လိုက်မိတယ်။

"ကျုပ်က ခင်ဗျားကြီးကို ရဖို့

ကြိုးစားနေချိန်မှာ ခင်ဗျားကြီးက

သိပ်ပျော်ရွှင်နေတာပေါ့၊

အခု ... ခင်ဗျားရှိတဲ့ဆီ ကျုပ်လာပြီ"

မောင်မောင်က တက်စီတစ်စီး လှမ်းတားပြီး မြို့ထဲ ဘက် မောင်းခိုင်းလိုက်တယ်။

နာရီဝက်လောက်ကြာတော့ သူ့လိုရာခရီး ရောက်သွား ချေပြီ။

ကားခရှင်းပေးပြီး ဆိုင်ကြီးတစ်ဆိုင်ရဲ့ဆိုင်းဘုတ်ကြီးကို မော့ကြည့်လိုက်တယ်။

နာမည်ကြီး စိန်တိုက်ကြီးတစ်ခုပါလား။

သူ့ရဲ့ခြေလှမ်းတွေက စိန်တိုက်ကြီးထဲ တရွေ့ရွေ့ လှမ်း ဝင်လိုက်တယ်။

စိန်တိုက်ကြီးထဲ လူသိပ်မများတဲ့အတွက် သူ့မျက်လုံးတွေ က စုံတွဲတစ်တွဲကို အထင်အရှား တွေ့လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်နောင်က အရောင်လက်နေတဲ့ စိန်လည်ဆွဲကို ပွင့်မော်ဦးရဲ့လည်မှာ ကပ်ကြည့်လိုက်ရင်း ...

"ဟာ ... ဒီလည်ဆွဲဟာ ငါ့မိန်းမနဲ့
သိပ်လိုက်ပါလား၊ ပွင့်မော်ရော ကြိုက်ရဲ့လားဟင်"

လို့ မေးလိုက်တဲ့အခါ သူမက ...

"ပွင့်မော်အတွက် ဒါလောက်
တန်ဖိုးကြီးတာတွေ မလိုပါဘူး
အစ်ကိုရယ် ... မယူပါရစေနဲ့နော်"

လို့ ငြင်းဆန်လိုက်မိတယ်။

"မိန်းမ,ငြင်းမယ်ဆိုတာ ကိုယ်သိပြီးသားပါ၊
ဒီနေ့ ကိုယ့်ရဲ့လက်ဆောင်ကိုတော့
ငြင်းလို့မရဘူးကွ၊ ဒီနေ့ဟာ ကိုယ်တို့ မင်္ဂလာဦးရဲ့
သုံးလပြည့်နေ့ပဲကွ၊ အထိမ်းအမှတ်အနေနဲ့
ကိုယ်ပေးတာပါ၊ ကဲ ... ဒါလေးကိုပဲ
မိန်းမ ယူလိုက်တော့နော်၊ ကိုယ် ဝွေ့ရှင်းလိုက်မယ်"

ဦးသက်နောင်ဟာ သူမရဲ့လည်မှာ စိန်လည်ဆွဲကို ဆွဲ



ပေးလိုက်တယ်။ ပြီးတော့ ဝွေ့ရှင်းဖို့အတွက် ကက်ရှာဆီ လျှောက်သွားတယ်။

ဒီအချိန်မှာပဲ ...

"သိပ်လှတဲ့ စိန်လည်ဆွဲကြီးပဲကွာ၊
သူဌေးကတော်ကြီးဟာ စိန်လည်ဆွဲကြီး
ဆွဲလိုက်တော့ ပြီးပြည့်စုံအောင်
ကျက်သရေရှိသွားပါလား၊
ဒါကြောင့်လည်း ခြံပေါ်ကနေ
ဘုံပေါ် ခုန်တက်သွားတာပေါ့လေ ...
ဟဲ ... ဟဲ"

နောက်ကျောဆီက အသံကြောင့် ပွင့်မော်ဦး ဆတ်ခနဲ လှည့်ကြည့်မိတယ်။

လှောင်ပြောင်အပြုံးနဲ့ ကြည့်နေတဲ့ မောင်မောင်ကြောင့် သူမ ဦးသက်နောင်ရှိရာ လှမ်းကြည့်လိုက်မိတယ်။

"မင်း ဘာလာလုပ်တာလဲ မောင်မောင်၊
မင်းအနေနဲ့ ငါ့ကို လှောင်စရာမလိုဘူး၊

www.burmeseclassic.com

www.burmeseclassic.com







အမြန်ဆုံး ဒီက ထွက်သွားပါ"

မောင်မောင်က ပခုံးတွန့်ပြုံးလိုက်ရင်း ...

"ဒါပေါ့ ... ဒါပေါ့ ... ကျုပ်က

လမ်းဘေးလျှောက်တဲ့ကောင်ပဲ၊

ဟောဒီလို စိန်တိုက်ကြီးနဲ့ မအပ်စပ်တော့

သူဌေးကတော်ကြီး မောင်းထုတ်တာ

မမှားပါဘူးဗျ"

လို့ ပြောလိုက်တဲ့အခါ သူမ အံကြိတ်လိုက်ပြီး ...

"တောင်းပန်ပါတယ်၊ ငါ့ကို မနှောင့်ယှက်ပါနဲ့၊

ပြန်စမ်းပါ မောင်မောင်"

"ကောင်းပြီဗျာ၊ သူဌေးကတော်ကြီး

မရှိစေချင်လည်း ပြန်ပါ့မယ်၊

ဒါပေမဲ့ ... ကျုပ်ကို တစ်ခုလုပ်ပေးရမယ်"

သူမ မဲ့ပြုံး ပြုံးရင်း မောင်မောင့်ကို ကြည့်လိုက်တယ်။

"အဟင်း ... မင်းက ငါ့ကို အသုံးချပြီး

ငွေညှစ်ချင်လို့လား၊ သိပ်အောက်တန်းကျတဲ့ကောင်၊

ထားပါလေ ... မင်း ဘယ်လောက်လိုချင်လဲ၊

ငါ ဘဏ်က လွှဲပေးလိုက်မယ်၊ ဦးသက်နှောင်ကိုတော့

လုံးဝမထိုက်ခိုက်စေနဲ့၊ သူက

စိတ်ဓာတ်သိပ်ကောင်းတဲ့လူ"

မောင်မောင့်မျက်နှာ တင်းမာသွားတယ်။

"ခင်ဗျားကြီး ငွေမက်တိုင်း ကျုပ်ကို မပြောနဲ့၊

ကျုပ်လိုချင်တာ ခင်ဗျားယောကျ်ား ကိုယ်နဲ့မကွာ

ဆောင်ထားတဲ့ အဆောင်ပဲ"

"ဘာ ... ဘာပြောတယ်၊ အဆောင် ဟုတ်လား၊

ဒါ ငါ လုပ်ပေးလို့မရတဲ့ ကိစ္စပဲ၊

ဒါပေမဲ့ ... မင်းမှာအစွမ်းရှိရင်

ရအောင် ကြိုးစားယူ"

ဒီအချိန်မှာပဲ ဦးသက်နှောင်ဟာ ပွင့်မော်ဦးရှိရာ ပြန်လျှောက်လာတဲ့အတွက် မောင်မောင်တစ်ယောက် ကိုယ်ရှိန်သတ်လိုက်တယ်။

သူဟာ ဦးသက်နှောင်ကို မသိမသာ အကဲခတ်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟ,နေတဲ့ ရှက်အင်္ကျီထဲ ရင်ညွန့်အောက်ထိရှည်တဲ့ အဝါရောင်ကြိုးလေး။

"သူ့လိုလူက ရွှေငွေကြိုးမဆွဲဘဲ
ချည်ကြိုးကို ဝတ်ထားတာဆိုတော့ ...
ဒါဟာ အဆောင်ကြိုးပဲ ဖြစ်ရမယ်၊
ဟုတ်တယ် ... အဲဒီချည်ကြိုးကို
ငါ ရအောင်ယူရမယ်"

စိတ်ကူးနဲ့အတူ မောင်မောင်ဟာ ဆိုင်အပြင်ကို အရင် ထွက်ခဲ့မိတယ်။ ခဏကြာတော့ ဦးသက်နောင်တို့လင်မယား ထွက်လာကြတယ်။

ဦးသက်နောင် ကားသော့ဖွင့်နေစဉ်မှာ သူ အလျင် အမြန် လှုပ်ရှားလိုက်တယ်။ ၎င်းရဲ့လည်ပင်းရှိ ကြိုးကို ဆတ် ခနဲ ဆွဲဖြုတ်ပြီး ပြေးထွက်သွားလိုက်တယ်။

"ဟာ ... ဘယ်လိုလဲ၊ ငါ့ကြိုးကို
ဆောင့်ဆွဲဖြုတ်သွားတယ် ... တောက်"

ကားရဲ့တစ်ဖက်စီးရောက်နေတဲ့ ပွင့်မော်ဦးက ၎င်းရဲ့



အသံကြောင့် ...

"ဘာဖြစ်လို့လဲဟင်"

ဦးသက်နောင်က ကားထဲဝင်ထိုင်လိုက်ရင်း ...

"အံ့စရာကွာ၊ ကိုယ်ဆွဲထားတဲ့ အဆောင်ကြိုး
ဆွဲဖြုတ်ခံလိုက်ရတယ်၊ ချည်ကြိုးက
ဒီကောင့်အတွက် ဘာအကျိုးရှိမှာမို့လို့လဲ၊
တကယ် စောက်ရူးကောင်"

လို့ မကျေမချမ်း ရေရွတ်လိုက်တဲ့အတွက် ...

"ဟင် ... ဒါဆို မောင်မောင် အဆောင်ကို ရသွားပြီ၊
သူ ဘာတွေ ဒုက္ခပေးဦးမလဲ မသိဘူး၊
ဒါပေမဲ့ ... စိတ်ပူစရာမရှိလောက်ပါဘူးလေ၊
အောက်လမ်းနဲ့လုပ်ထားတဲ့ ပြာမှုန့်တွေမှ
အစ်ကို့ကို ငါ မကျွေးတော့တာ"

လို့ ဖြေတွေးလိုက်မိတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၁)

နောက်တစ်နေ့ နံနက်...

ပွင့်မော်ဦးတစ်ယောက် ခင်ပွန်းသည် စက်ရုံသွားဖို့အတွက် အဝတ်အစားတွေ ပြင်ဆင်ပေးနေမိတယ်။

"ဟဲလို ... ရန်နိုင်လားကွ၊ အေး ... မင်းပေးတဲ့အဆောင်ကြိုး အဖြုတ်ခံလိုက်ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ... မင်း ဆရာတော်ကြီးဆီက

နောက်တစ်နေ့ တောင်းပေးပါကွာ၊

ဩော် ... ဟုတ်လား ... အေးပါကွာ၊

မင်းပြန်လာမှ တွေ့ကြတာပေါ့ ...

ဆီယူ ... ဘိုင်"

ဖုန်းပြောပြီးတဲ့ ဦးသက်နောင်က သူမထုတ်ပေးထားတဲ့ အင်္ကျီကို ဖြန့်ဝတ်လိုက်တယ်။

သူမက ဘောင်းဘီ ခါးပတ်ကွင်းထဲ ခါးပတ်ထည့်ပေးရင်း ...

"ဦးရန်နိုင် ဘာပြောလဲ အစ်ကို၊

သူ့ အဆောင်ကြီး ထပ်ယူပေးမယ်

မဟုတ်လား"

လို့ မေးလိုက်တယ်။

"ဟုတ်တယ် ပွင့်မော်၊

သူ အဆောင်ထပ်ယူပေးလိမ့်မယ်၊

ဒါပေမဲ့ ... ဒီကောင်ကြီး အရောင်းဝယ်ကိစ္စနဲ့



တောင်ငူရောက်နေတာကွ၊ ဒီနေ့ ပြန်ရောက်မယ်လို့တော့ ပြောတယ်၊ ကိုယ့်ကို နာရီယူပေးပါဦး မိန်းမ"

ယောကျ်ားဖြစ်သူရဲ့အပြောကြောင့် သူမ စိတ်သက်သာရာရသွားပြီး စားပွဲရှိရာ လျှောက်သွားတယ်။

နာရီကို လှမ်းယူလိုက်စဉ်မှာပဲ စားပွဲတင်ပြက္ခဒိန်ကို သတိပြုမိသွားတယ်။

"ဒီနေ့ ဘယ်နှရက်လဲ အစ်ကို"

ဦးသက်နောင်ဟာ ခေါင်းကို ဆီလိမ်းနေရာက ...

"ဖြစ်ရလေ မိန်းမရယ်၊ မနေ့က ကိုယ်တို့

မင်္ဂလာသုံးလပြည့်ဆိုတော့ ဒီနေ့က

နှစ်ဆယ့်နှစ်ရက်ပေါ့၊ မေ့တတ်လှချည်လားကွ"

လို့ လှမ်းပြောလိုက်တယ်။

သူမဟာ ပြက္ခဒိန်နေ့စွဲကို ကြည့်ရင်း အကြီးအကျယ် စိတ်လှုပ်ရှားသွားတော့တယ်။

"ဟင် ... နှစ်ဆယ့်နှစ်ရက်ဆိုတော့ ...

ဒီနေ့ဟာ မြန်မာလို လ,ကွယ်နေ့ပါလား၊

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းရတော့မယ်"

အတွေးနဲ့အတူ မောင်မောင်ပြောခဲ့တဲ့ စကားတွေကို သတိရသွားမိတယ်။

လာမယ့်လကွယ်နေ့မှာ ခင်ပွန်းသည်ကို အကြီးအကျယ် ဒုက္ခပေးဖို့ မောင်မောင် ပြောခဲ့သည် မဟုတ်ပါလား။

"ဟော့ မိန်းမ ... နာရီပေးလေကွာ၊

ကိုယ်နောက်ကျတော့မယ် မိန်းမရ"

အသံကြောင့် သူမဟာ အတွေးစ ပြတ်သွားရတယ်။

နာရီကို လှမ်းပေးရင်း ...

"အစ်ကို ... ဒီနေ့ တစ်နေ့လုံး

ဂရုစိုက်ပါနော်၊ ပွင့်မော်လည်း မကြာခဏ

ဖုန်းဆက်မယ် သိလား၊ စိတ်ပူလို့ပါ

အဆောင်ကြိုးမရှိတော့လေ"

လို့ စိုးရိမ်စွာ ပြောလိုက်မိတယ်။

ဦးသက်နောင်က သူမပါးပြင်ကို မြတ်နိုးစွာ နမ်းရှိုက်လိုက်တယ်။



"သိပ်ချစ်ဖို့ကောင်းတဲ့ မိန်းမ၊ ဘာမှမစိုးရိမ်နဲ့

ဟုတ်လား၊ ကိုယ်လည်း ဖုန်းဆက်မှာပါ၊

သွားပြီ မိန်းမရေ"

ဦးသက်နောင်က ထိုသို့နှုတ်ဆက်ပြီး ထွက်သွားတော့တယ်။ ပွင့်မော်ဦးတစ်ယောက် အိပ်ရာပေါ် ထိုင်ချလိုက်ရင်း...

"ပြက္ခဒိန်ကြည့်ပြီးမှ ငါ့စိတ်တွေ

ဘာကြောင့် လေးလံသွားမိပါလိမ့်၊

မောင်မောင်နဲ့ကိစ္စကို အစ်ကိုကို ဖွင့်ပြောလိုက်ရင်

ကောင်းမလား၊ အို ... ဒါလည်း မဖြစ်သေးပါဘူး၊

လူဆိုတာ အချစ်ကြီးရင် ... အမျက်ကြီးတတ်တယ်၊

ငါ့ကို အချစ်လွန်ပြီး မောင်မောင်နဲ့

ဖြစ်ခဲ့တဲ့အကြောင်းကို နားလည်မှုမပေးရင်

အခြေအနေက ပိုဆိုးသွားမယ်၊ ဘာပဲဖြစ်ဖြစ် ဒီနေ့

ဘာမှမဖြစ်ဖို့ပဲ ဆုတောင်းရတော့မယ်"

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၂)

" ကဲ . . . အဆောင်ကိုတော့ ရအောင်ယူပေးပြီးပြီ၊ ခင်ဗျားအပိုင်းပဲ ကျန်တော့တယ်နော်၊ ကျုပ် သက်နောင်ဆိုတဲ့လူကြီးရဲ့ဘဝကို စုတ်ပြတ်သပ်အောင် လုပ်ချင်တယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



အောက်လမ်းဆရာကြီး ကြောင်သူတော်ဟာ အဝါရောင် အဆောင်ကြိုးကို ဆုပ်ကိုင်လိုက်ရင်း ...

"မင်းဘက်က တာဝန်ကျေတော့
ငါ့ဘက်ကလည်း မင်းဖြစ်စေချင်တဲ့အတိုင်း
လုပ်ပေးရမှာပေါ့ကွာ၊ ငါတို့ ဒီည ဆယ်နာရီမှာ
အနီးဆုံးသင်္ချိုင်းမြေသွားပြီး လိုအပ်တဲ့ အစီအရင်
လုပ်ရလိမ့်မယ်၊ အဲဒီအစီအရင် အောင်ရင်တော့ ...
ငါ ထိန်းချုပ်ထားတဲ့ အစိမ်းမ,ဟာ
သူမတူအောင် အစွမ်းရပြီပဲကွ"

လို့ ပြောလိုက်တဲ့အခါ မောင်မောင်က ကြေကွဲဒေါသ မျက်နှာနဲ့ ...

"မကျေနပ်ဘူးဗျာ၊ ပွင့်မော်ဦး သိပ်ရက်စက်တယ်၊
သူ ငွေဘုံပေါ်မှာ ပျော်သွားပြီဗျ၊
ကျုပ်ကို သူ့ခေါင်းထဲ လုံးဝမရှိတော့ဘူး၊
ကျုပ်ကို စိန်ဆိုင်ကြီးထဲမှာ
ကောင်းကောင်းလေး ချွတ်လှတ်လိုက်တယ်၊



ကြည့်ထားစမ်းပါ၊
ဒီနေ့ ... ဒီည ... ခင်ဗျားရဲ့အစိမ်းသရဲမ
မစွမ်းခဲ့ရင်လည်း ကျုပ်က
နောက်ဆုတ်မှာ မဟုတ်ဘူး၊
မရ,ရအောင် လုပ်ပြမယ်၊
ကျုပ် သိပ်ချစ်မိတဲ့အတွက်
သိပ်ခံစားရတယ် ဦးကြောင်ကြီး"

"မင်းရဲ့ခံစားချက်ကို နားလည်လို့
ငါ လုပ်ပေးခဲ့တာပါ မောင်မောင်ရာ၊
ဒါပေမဲ့ ... မင်းသိဖို့က ...
မမြင်ရတဲ့ စွမ်းအားတွေနဲ့
လူတစ်ယောက်ကို အနိုင်ယူလို့ရတယ်၊
မင်း ... စိတ်နောက်ကိုယ်ပါ မလုပ်မိဖို့
ငါ အထူးသတိပေးချင်တယ်၊
မိန်းမတစ်ယောက်ကို ပိုင်ဆိုင်ဖို့အတွက်
သေတဲ့အထိ ထောင်ထဲဝင်နေရရင်

www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက် ဘာအဓိပ္ပာယ်မှ မရှိဘူးကွ၊

ဒါ့ကြောင့် ... ဒေါသလျှော့ပြီး

ငါ့ရဲ့အစီအရင်ကို အပြည့်အဝ

ယုံကြည်လိုက်ပါ၊ မင်းဟာ ... ဒီည

စိတ်လိုက်မာန်ပါ မလုပ်ဘူးလို့

ငါ့ကို ကတိပေးပါ ကောင်လေး"

မောင်မောင်တစ်ယောက် အကြာကြီး ငြိမ်သက်သွား

တယ်။ ပြီးမှ ...

"ကျုပ် အတတ်နိုင်ဆုံး ကြိုးစားမှာပါ၊

ဒါပေမဲ့ ... ကျုပ်ဆိုတဲ့ကောင်က ...

ပွင့်မော်ဦးနဲ့ ပတ်သက်ရင်

ကြိုးစင်တက်ဖို့ ဝန်မလေးဘူး၊

ကျုပ် မရရင် ဟိုသူတောင်းစားသူဌေးလည်း

ပေါင်းဖို့ စိတ်မကူးနဲ့၊ တောက် ...

ရင်နာဖို့ကောင်းတဲ့ မိန်းမ"

လို့ နာကြည်းစွာ ရေရွတ်လိုက်တယ်။



"ဟုတ်ပါပြီကွ ... ဒီည

လကွယ်ညဟာ မီးစုန်းတောက်မယ့်ညကွ၊

အရေးကြီးတာက ငါ့ရဲ့အစီအရင်

အထမြောက်ဖို့ပဲကွ၊

ဒီတော့ မင်းလည်း ပြန်တော့၊

ငါ ဒီည အောင်မြင်ဖို့ နေ့လယ်ဆယ့်နှစ်နာရီကစပြီး

နေဝင်သည့်တိုင်အောင် ငါ ...

စရဏနဲ့ ကျင့်ကြံရဦးမယ်၊

သွားပေတော့ ကောင်လေး ...

ညဆယ်နာရီမှာ ပြန်ဆုံကြမယ်ကွာ"

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၃)

ထိုနေ့ည (လကွယ်ည…) ညခုနစ်နာရီခန့်အချိန်…

ပန်းလှိုင်အိမ်ရာဝင်းကြီးအတွင်းရှိ တိုက်အိမ်ကြီးဝယ်။

ဦးသက်နောင်တစ်ယောက် စာရင်းများ တွက်ချက်နေသလို ပွင့်မော်ဦးလည်း သူ့နံဘေးထိုင်ရင်း စလောင်းအစီအစဉ်

www.burmeseclassic.com

www.burmeseclassic.com



များ ကြည့်ရှုနေမိတယ်။

"ပွင့်မော် ... ကိုယ် သိပ်ခေါင်းမကြည်လို့၊
သံပရာရည်လေး ဖျော်ပေးပါလားကွာ"

ယောကျ်ားဖြစ်သူရဲ့တောင်းဆိုမှုကြောင့် သူမ ထိုင်ရာက ထပြီး သံပရာရည်ဖျော်ဖို့ ပြင်ဆင်လိုက်တယ်။

သူမ သံပရာရည်ဖျော်နေစဉ်ပဲ ...

"တီ ... တီ ... တီ ... တီ ... တီ"

ဖုန်းသံကြားလိုက်ခြင်းနဲ့အတူ ဦးသက်နောင်ရဲ့ဖုန်းပြောသံကိုပါ ကြားလိုက်ရတယ်။

သံပရာရည်ခွက်နဲ့ ဧည့်ခန်းထဲ ပြန်ရောက်တော့ ..

"ပွင့်မော် ... ပွင့်မော်ရဲ့မောင်လေး
အရမ်းဖျားနေတယ်လို့ ဖုန်းဝင်လာတယ်၊
ပွင့်မော်ပဲ သွားကြည့်လိုက်ပါဦး၊
ကိုယ် စာရင်းတွေ မပြတ်သေးလို့
မလိုက်တော့ဘူးကွာ ... နော်"

ဦးသက်နောင်ရဲ့စကားကြောင့် မောင်ဖြစ်သူအတွက်



သူမ စိတ်ပူသွားမိတယ်။

"ဟုတ်ကဲ့ပါ အစ်ကို၊ ပွင့်မော်အိမ်က ကားနဲ့ပဲ
သွားလိုက်ပါ့မယ်၊ အစ်ကို အလုပ်ပဲလုပ်ပါ ... ဒါပေမဲ့
အရာရာ သတိနဲ့နေပါနော် အစ်ကို"

ယောကျ်ားဖြစ်သူက သံပရာရည်ခွက် လှမ်းယူရင်း သူမရဲ့ဆံပင်တွေကို ပွတ်သပ်လိုက်တယ်။

"မိန်းကလေး အချိန်ပြည့် ကိုယ့်အတွက်ပဲ
ပူပန်နေတယ်၊ စိတ်ချပြီးသွားပါ၊ ဟိုမှာ ...
ဖျားတဲ့လူက အရေးကြီးတယ်ကွ ... ဟုတ်လား"

သူမလည်း ယောကျ်ားဖြစ်သူရဲ့အပြောကြောင့် အဝတ်ပင်မလဲဘဲ ဒရိုင်ဘာနဲ့အတူ သဃ်န်းကျွန်းဘက် ထွက်ခဲ့တော့တယ်။

ဟိုရောက်တော့ အသစ်ဖွင့်ထားတဲ့ ခြံတံခါးကြောင့် ခြံထဲတန်းဝင်ခဲ့တယ်။

သူမ အိပ်ခန်းထဲ ပြေးဝင်သွားရင်း ...

"ဘယ်လိုဖြစ်တာလဲ အဖေရယ်၊

www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းတာ အစောကြီးတည်းက

ဖုန်းဆက်ပါလား၊ မောင်လေး ... နင်

သက်သာရဲ့လားဟင်”

လို့ စိတ်ပူစွာ မေးလိုက်မိတယ်။

ဖခင်ဖြစ်သူ ဦးပွင့်က မျက်နှာမသာမယာနဲ့ ...

“အဖေလည်း မနက်တည်းက ...

ဆေးမြီးတို တိုက်နေတာပဲ သမီးကြီးရယ်၊

အခု ... လုံးဝ အဖျားမကျမှ စိုးရိမ်ပြီး သမီးကြီးဆီ

ဖုန်းဆက်ရတာပါ၊ သမီးကြီးရဲ့မောင်လေးကို

ဆေးရုံတင်မှ ဖြစ်မယ်ထင်တယ်”

ပွင့်မော်ဦးက မောင်ဖြစ်သူရဲ့နဖူးကို စမ်းသပ်ကြည့်လိုက်တယ်။

“အို ... ဟုတ်ပါရဲ့ အမေရယ်၊

ဒီလောက် ကိုယ်တွေပူခြစ်နေတာ

ချက်ချင်း ဆေးရုံပို့ရမှာပေါ့”

ထိုအချိန် အောက်လမ်းဆရာကြီး ကြောင်သူတော်ရဲ့နေ



အိမ်မှာတော့ ...

“ကဲ ... မောင်မောင် ... မင်းအတွက်

သိပ်စိတ်လှုပ်ရှားရမယ့် အချိန် ရောက်တော့မယ်၊

အခု ... ဆယ်နာရီကျော်ပြီကွ၊

ငါတို့ ... သုသာန်သွားဖို့ အချိန်ရောက်ပြီဟေ့”

လို့ ကြောင်သူတော်ကြီးက ဆော်သြလိုက်တယ်။

“အသင့်ပဲဗျာ၊ ကျုပ်ဖြစ်ချင်တာ ဖြစ်ရရင်

ဦးကြောင်ကြီးကို ဘဝနဲ့ရင်းပြီး

ကျေးဇူးဆပ်ပစ်လိုက်မယ်၊ သွားမယ်ဗျာ”

ထို့နောက်မှာတော့ ၎င်းတို့နှစ်ဦးသား လှိုင်သာယာဘက်ရှိ သုသာန်ကြီးဆီ ဦးတည်လိုက်ကြတယ်။

သုသာန်ရှိ ဇရပ်ကြီးဆီရောက်တဲ့အခါ ...

“ငါ ... ဆေးဖယောင်းတိုင် စထွန်းပြီး

စည်းတားတော့မယ် မောင်မောင်၊

ဘယ်လိုအကြောင်းပဲဖြစ်စေဖြစ် မင်းဟာ

ငါ့ရဲ့စည်းထဲက လုံးဝထွက်လို့မရဘူး”

www.burmeseclassic.com

www.burmeseclassic.com



အောက်လမ်းဆရာကြီးက ထိုသို့မှာရင်း ဦးဆုံးစည်းတားလိုက်တယ်။ စည်းဝိုင်းဆွဲပြီးတော့ တံတောင်လောက်ရှိတဲ့ အင်းချထားတဲ့ ဆေးဖယောင်းတိုင်ကြီးကို မီးညှိလိုက်တယ်။

ပြီးတော့ ... အချိန်ကြာမြင့်စွာ မန္တာန်တွေ ရွတ်ဖတ်နေပြန်တယ်။

ကြောင်သူတော်ကြီးရဲ့ရွတ်ဖတ်မှုကြောင့် မောင်မောင်ဟာ အချိန်ကြာမြင့်စွာ စိတ်လှုပ်ရှားပြီး စောင့်စားနေရတယ်။

နှီးစက်နာရီငယ်လေးဆီမှ အလန်းမ်သံကြားတော့မှ ကြောင်သူတော်ကြီးရဲ့ ရွတ်ဖတ်ခြင်း ပြီးဆုံးသွားတယ်။

❒❒❒

# အပိုင်း (၂၄)

www.burmeseclassic.com

www.burmeseclassic.com

“ကဲ ... မောင်လေးရေ ... ညဆယ့်နှစ်နာရီတော့ ရောက်သွားပြီ၊ ကောင်းကင်ပေါ်မှာ စောင့်ကြည့်လိုက်စမ်းကွာ”

အောက်လမ်းဆရာကြီး ကြောင်သူတော်ရဲ့ အပြော



ကြောင့် မောင်မောင်က ကောင်းကင်ဆီ မော့ကြည့်လိုက်တယ်။

ငါးမိနစ်လောက် ကြာတဲ့အခါ ... မည်းမှောင်နေတဲ့ ကောင်းကင်ထက် အလင်းတွေ ပေါ်သွားတယ်။

သေချာကြည့်လိုက်တော့ ... နိမ့်ချည်၊ မြင့်ချည်ဖြစ်ပေါ်နေတဲ့ ဘောလုံးငယ်ရဲ့ အရွယ်အစားရှိ တောက်ပတဲ့ မီးလုံးတွေ။

မောင်မောင်တစ်ယောက် အံ့အားသင့်သွားပြီး ...

“ဟာ ... မီးလုံးတွေပါလားဗျ၊ မီးလုံးတွေ ကြည့်ရတာ တစ်လုံးနဲ့တစ်လုံး ပြိုင်ဆိုင်နေသလိုပဲ၊

ဒါ ဘာဖြစ်တာလဲဗျ”

လို့ အံ့သြစွာ မေးလိုက်တယ်။

“ဒါဟာ မီးစုန်းအချင်းချင်း ပညာပြိုင်နေတာပဲကွ၊

မီးစုန်းတွေ ပညာပြိုင်ချိန်မှာ ... ငါ့ရဲ့အစိမ်းသရဲမကို အသက်သွင်းလိုက်နိုင်ပြီ၊ သူဟာ

လူတစ်ယောက်ရဲ့အစွမ်းလို သူ့ရန်သူကို အသက်နုတ်နိုင်သွားပြီကွ၊ မင်းရဲ့ဆန္ဒဟာ

အောင်မြင်ပြီပေါ့ကွာ၊ ဒီတော့ ... အခု မင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်နောင်ရဲ့အိမ်ကို ရောက်အောင်သွားပေတော့၊

ငါရဲ့အစိမ်းမ အစွမ်းကို မင်းမြင်ရလိမ့်မယ်

မောင်မောင်ရ”

ထိုအချိန် ဦးသက်နောင်ရဲ့နေအိမ်မှာတော့ ... ဦးသက်နောင်တစ်ယောက် ဧည့်ခန်းထဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ...

“ပွင့်မော်တို့ အဆင်မပြေရဲ့လားမသိဘူး၊

အိမ်ဖုန်းကို ဆက်တော့လည်း ဖုန်းမကိုင်ဘူး၊

ပွင့်မော်လည်း လက်ကိုင်ဖုန်း ပါမသွားဘူး၊

ငါ လိုက်သွားကြည့်ရင် ကောင်းမလား”

လို့ စိတ်ပူပန်စွာ ရေရွတ်လိုက်တယ်။ ဒီအချိန်မှာပဲ ...

“အစ်ကိုရေ ... အစ်ကို”

လို့ ခေါ်လိုက်တဲ့ အသံကို နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတယ်။ သူဟာ လျှင်မြန်စွာပဲ အိမ်တံခါးကို ဖွင့်ကြည့်လိုက်တယ်။ အသံက နားထဲကြားနေရတယ်။ သူမကို ရှာလို့မတွေ့ဘူး။ ဒါ့ကြောင့် ခြံထဲဆင်းပြီး နေရာအနှံ့ ရှာဖွေမိတယ်။



“ပွင့်မော် ... မိန်းမ ... ဘယ်မှာလဲ၊ ဘာလို့

အိမ်ထဲမဝင်ဘဲ ခေါ်နေရတာလဲ၊ ဘာတွေဖြစ်ခဲ့လို့လဲ

ပွင့်မော်၊ ပွင့်မော်ရေ ... ပွင့်မော်”

“အစ်ကိုရေ ... ပွင့်မော်ကို ကယ်ပါဦး၊

ကယ်ပါဦး အစ်ကိုရယ်၊ ပွင့်မော် ဒုက္ခတွေ့နေပြီ

အစ်ကိုရေ”

ဒီအသံက သူ့အသည်းကို ဆတ်ဆတ်တုန်မတတ် ချောက်ချားသွားစေတယ်။

အသံလာရာ နားစိုက်လိုက်တော့ ခြံပြင်ကလို့ ထင်လိုက်မိတယ်။ ဒါ့ကြောင့် စေ့ထားတဲ့ ခြံတံခါးကို ဆွဲဖွင့်ရင်း အပြင်မှာ အပြေးအလွှား ရှာဖွေမိတယ်။

သူနဲ့ ငါးဆယ်ကိုက်လောက်နေရာမှာ ရပ်နေတဲ့ ပွင့်မော်ရဲ့ပုံသဏ္ဌာန်။

သူဟာ အကြီးအကျယ် စိတ်လှုပ်ရှားသွားပြီး ထိုနေရာဆီ ပြေးသွားလိုက်တယ်။

သူ့ကို ကျောပေးရပ်ရင်း အော်ဟစ်နေရှာတဲ့ ပွင့်မော်

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမ ... မိန်းမ ... မင်း ဘာဖြစ်နေတာလဲ၊

ဘယ်သူ ဒုက္ခပေးလို့လဲဟင်၊ ဒီဘက်လှည့်ပါဦး

မိန်းမရ"

ဦးသက်နောင်က မိန်းမဖြစ်သူရဲ့ကိုယ်ကို ဆွဲလှည့်လိုက်တယ်။ ဒီအခါမှာ ...

"ဟီး ... ဟီး ... ဟီး ... ဟီး ...

လူယုတ်မာကြီး ... ဒီနေ့ ... ဒီည ...

နင်သေနေ့စေ့သွားပြီ၊

ဟား ... ဟား ... ဟား ... ဟား ... ဟား"

ဆိုတဲ့အသံနက်ကြီးနဲ့အတူ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ မျက်နှာကြီးကို ဘွား ... ခနဲ တွေ့လိုက်ရတယ်။

"အား ... တစ္ဆေမ ... ငါ့မိန်းမ မဟုတ်ဘူး၊

မလာနဲ့ ... သွားစမ်း ... သွားစမ်း"

ဦးသက်နောင်တစ်ယောက် သွေးရူးသွေးတန်းအော်ဟစ်ရင်း နောက်လှည့်ပြေးဖို့ ပြင်လိုက်တယ်။ ဒါကို မှောင်ရိပ်ခိုကြည့်နေတဲ့ မောင်မောင် တွေ့သွားရှာတယ်။



"သူတောင်းစားကြီး ... ပွင့်မော်နဲ့ငါ့ကို ခွဲတဲ့လူ၊

ခုချိန်မှာ ပညာမပေးရင် ငါ့အတွက် အခွင့်အရေးရမှာမဟုတ်ဘူး။ သူ့ကို ကောင်းကောင်းသင်ခန်းစာပေးရမယ် ... ငါ့ အချစ်အတွက်။

မောင်မောင်ဟာ စိတ်တွင်းမှ ကြုံးဝါးရင်း အကျီအိတ်တွင်းမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်တယ်။

ဒီအချိန် ... မောင်ငယ်ဖြစ်သူကို ဆေးရုံပို့ပြီး ပြန်လာတဲ့ ပွင့်မော်ဦးတစ်ယောက် ခြံရှေ့ကားရပ်လိုက်ရုံနဲ့ ပွင့်နေတဲ့ ခြံတံခါးကိုကြည့်ရင်း စိတ်ပူသွားတော့တယ်။

ပတ်ဝန်းကျင်ဆီ ဝေ့ဝဲကြည့်တဲ့အခါ လမ်းမအလယ် ရပ်နေတဲ့ လူရိပ်ကို မြင်လိုက်ရတယ်။

သူမ ... ခင်ပွန်းသည်အတွက် စိုးရိမ်စိတ်နဲ့ ကားပေါ်က အပြေးအလွှားဆင်းလိုက်မိတယ်။

ထိုစဉ် ... အစိမ်းမကို ကြောက်လန့်ပြီး နောက်လှည့်ပြေးလာတဲ့ ဦးသက်နောင်ကို မောင်မောင်က ဆောင့်တွန်းလိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ... အမှတ်မထင် ဖြစ်ရပ်ကြောင့် ဦးသက်နောင်ဟာ မထိန်းနိုင်ဘဲ မြေပေါ် ပစ်လှဲကျသွားတယ်။

မောင်မောင်က ဓားမြှောင်ကိုခံရင်း ...

"ခင်ဗျားကြီး ဒီည သေနေ့စေ့ပြီး ... ဟား ဟား
ခင်ဗျားကို အပြတ်ရှင်းမှ ကျုပ်က ကျုပ်ချစ်သူကို
ပိုင်ဆိုင်ရမှာ၊ ဘုရားတထားပေတော့
TN အထည်ချုပ်စက်ရုံပိုင်ရှင်ကြီးရေ ...
ဟား ... ဟား ... ဟား"

လို့ ကြွေးကြော်လိုက်တယ်။

ဦးသက်နောင်က မြေပေါ်က လူးလဲထလိုက်ပြီး ...

"မင်း ... မင်း ဘာတွေပြောနေတာလဲကွ၊
ငါ မင်းကို မသိဘူး"

မောင်မောင်က ဓားသွားကို လက်နဲ့ သပ်လိုက်ရင်း ...

"ပြောပြမယ် ... ပြောချင်နေတာ၊
ခင်ဗျား မသေခင် အားလုံးသိသွားရအောင်လို့၊
ခင်ဗျားကြီး လက်ထပ်ခဲ့တဲ့ ပွင့်မော်ဦးနဲ့ကျုပ်က



နှစ်တွေအကြာကြီး ချစ်ခဲ့တဲ့ ချစ်သူတွေဗျ၊
သူ့မိသားစုအတွက် သူလက်ထပ်ခဲ့တာ၊
ဟဲ ... ဟဲ ... ဒါ့ထက် ပိုပြောရရင်
ခုချိန်ထိ ခင်ဗျား သူ့ကို မယားအရာ
မမြောက်ခဲ့ဘူး မဟုတ်လား၊
လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက
ကျုပ်က ခင်ဗျားရဲ့မင်္ဂလာအိပ်ရာပေါ်မှာ
ခင်ဗျားမယားကို မယားအရာမြောက်ခဲ့ပြီးပြီဗျ၊
ဟား ဟား ဟား ဟား"

မောင်မောင်ရဲ့စကားတွေက ဦးသက်နောင်ရဲ့နားထဲ သံရည်ပူလို စီးဝင်သွားတယ်။ မောင်မောင်ရှိရာ ပြေးသွားပြီး

"မဟုတ်တာ မပြောနဲ့၊ ငါ့မိန်းမက ဒီလိုမဟုတ်ဘူးကွ၊
မင်းကို သတ်မယ်"

လို့ ပြောရင်း မောင်မောင့်ကို ဆောင့်တွန်းဖို့ ကြိုးစားလိုက်တယ်။ မောင်မောင်ကလည်း အားသန်စွာ ပြန်တွန်းလိုက်တဲ့အတွက် ဦးသက်နောင်ဟာ နောက်ကို ယိုင်မတက်ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ရှာတယ်။ မောင်မောင်ရဲ့မျက်လုံးတွေ မီးတောက်မတတ်ဖြစ်သွားပြီ။

"ခုချိန်မှာ ကျုပ်သနားမှ ခင်ဗျား

အသက်ချမ်းသာမှာဗျ၊ အရိပ်သုံးပါး

နားမလည်ဘဲ ကျုပ်ကို တိုက်ခိုက်ဖို့ လုပ်တယ်၊

သနားစရာပဲ ဦးသက်နောင်၊ သေဖို့ပြင်ပေတော့"

မောင်မောင်က ထိုသို့ကြုံးဝါးရင်း ဦးသက်နောင်ကို အရှိန်ပြင်းစွာ ဓားမြှောင်နဲ့ ထိုးစိုက်ဖို့ ပြေးသွားတယ်။

ဒီအချိန်မှာပဲ ...

"မလုပ်နဲ့ ... အစ်ကိုကို မလုပ်ပါနဲ့၊ မလုပ်ပါနဲ့"

သွေးရူးသွေးတန်း စိုးရိမ်တကြီး ပြေးဝင်လာတဲ့ ပွင့်မော်ဦး။ ဦးသက်နောင်ကို ဆင်ရိုင်းလို အရိုင်းစိတ်ဝင်နေတဲ့ မောင်မောင်ဟာ ဓားချက်အရှိန် မထိန်းနိုင်ဘဲ ပွင့်မော်ဦးရဲ့ ရင်ဝကို ထိုးစိုက်လိုက်မိတယ်။

"ပွင့်မော် ..."

ဦးသက်နောင်ရဲ့ ကမ္ဘာတုန်မတတ် အော်သံကြောင့်



မောင်မောင်ရဲ့အသိတရားတွေ ပြန်ဝင်လာတယ်။ ရင်ဝဓားစိုက်ရင်း သွေးတွေ ဒလဟောကျနေတဲ့ ပွင့်မော်ဦး။ ဦးသက်နောင်ရဲ့လက်ပေါ်မှာ။ ဒီမြင်ကွင်းကြောင့် မောင်မောင်ဟာ ရူးမတတ်ဖြစ်သွားပြီး ... "အား"ခနဲ အော်ဟစ်ပြေးထွက်သွားတော့တယ်။

"ပွင့်မော် ... ပွင့်မော် ... ဘာမှမဖြစ်စေရဘူး၊

စိတ်တင်းထားနော် ... အချစ် ... အချစ်ရယ်"

မျက်ရည်ပြိုင်းပြိုင်းကျပြီး ကြေကွဲစိုးနင့်စွာ ပြောနေတဲ့ ဦးသက်နောင်။ သူမ ဝေဒနာကို ကြိတ်ခံရင်း စကားပြောဖို့ အားယူလိုက်တယ်။

"အ ... အစ်ကို ... ပွင့် ... ပွင့်မော်ကို ...

ခွင့် ... ခွင့်လွှတ်ပါနော်၊ ပွင့် ... ပွင့်မော် ...

အပြစ်လုပ်မိတယ် သိလား၊ အ ... အ ... အစ်ကို့ကို

အရမ်းချစ်တယ်၊ ပွင့် ... ပွင့် ... ပွင့်မော်ရဲ့ ... မိုက် ...

မိုက်ပြစ်တွေအတွက် ပြန် ... ပြန်ပေးဆပ်နိုင်ခဲ့ပြီ၊

ပွင့် ... ပွင့်မော် ကျေနပ်တယ် ... အ ... အစ်ကို့

အား ... အားလုံးကို မေ့ပစ်လိုက်ပါတော့ အစ်ကို၊

www.burmeseclassic.com

www.burmeseclassic.com



အ ... အရမ်း ... အရမ်းချစ်တယ် အစ်ကိုရယ်"

စကားကို အားယူပြောရင်း ငြိမ်ကျသွားရှာတဲ့ ပွင့်မော်ဦးကြောင့် ဦးသက်နောင် ရင်ပွင့်မတတ် ခံစားလိုက်ရတယ်။

အရူးတစ်ယောက်လို ငိုကြွေးရင်း ဆောက်တည်ရာမဲ့လူတစ်ယောက်ကို အသံကုန်အော်ဟစ်ပစ်လိုက်မိတယ်။

ဦးသက်နောင်ရဲ့ ...

"ပွင့်မော် ... ပွင့်မော် ... မင်း မသေရဘူး ... ငါ့ကို မတားခဲ့ပါနဲ့၊ ငါ အားလုံးကို ခွင့်လွှတ်ပေးနိုင်တယ်"

ဆိုတဲ့ အသံနက်ကြီးက အိမ်ရာဝန်ကြီးတစ်ခုလုံး ပျံ့နှံ့သွားတော့တယ်။

□□□

**"စွန်းထောက်တဲ့ည"**

မအိစြာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စုန်းတောက်တဲ့ည



BURMESE CLASSIC .com
www.burmeseclassic.com